# ဓမ္မခန္ဓာ (၁၈) လှိုင်ဂူ (အလ် ကဟ်ဖ်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၆၉၊ သုတ်ဒေသနာ အပါး ၁၁၀။

ဦးဋ္ဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br><br>ကျမ်းတော် | **الْحَمْدُ لِلَّهِ الَّذِي أَنزَلَ عَلَى عَبْدِهِ الْكِتَابَ وَلَمْ يَجْعَل لَّهُ عِوَجَا۞**<br>ရည်သန်စူးစိုက်မှုအပေါင်းသည် အရှင့်အမှုတော်ဆောင်ထံ၌ ကျမ်းတော်ကို ချမှတ်ပေးသည့် ပရမတ်ဘုရားရှင် အဘို့သာတည်း၊ **၎င်း**၌ ကောက်ကျစ်မှုကို စီစဉ်ထားသည် မဟုတ်။ |
| ၂။ | **قَيِّمًا لِّيُنذِرَ بَأْسًا شَدِيدًا مِن لَّدُنْهُ وَيُبَشِّرَ الْمُؤْمِنِينَ الَّذِينَ يَعْمَلُونَ الصَّالِحَاتِ أَنَّ لَهُمْ أَجْرًا حَسَنًا۞**<br>အရှင့်ထံတော်မှ ပြင်းထန်သော အမင်္ဂလာအကြောင်း သတိပေးဘို့ရာ၊ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူများ အတွက် သတင်းကောင်းဖြစ်ဘို့ရာ တည်တံ့ခိုင်မြဲစေ၏၊ ကေန်ပင် သူတို့အတွက် တင့်တယ်သော ဆုလဒ်သည် ရှိနေ၏။ |
| ၃။ | **مَاكِثِينَ فِيهِ أَبَدًا۞**<br>ထို၌ ကာလမဲ့ သောင်တင်နေထိုင်ရမည်ပင်။ |
| ၄။<br>☆<br>၂း၁၁၆ | **وَيُنذِرَ الَّذِينَ قَالُوا اتَّخَذَ اللَّهُ وَلَدًا۞**<br>ပရမတ်ဘုရားရှင်သည် ကိုယ်ပွား☆ ယူထား၏ ဟု ဆိုသောသူတို့အား သတိပေးလော့။ |
| ၅။ | **مَّا لَهُم بِهِ مِنْ عِلْمٍ وَلَا لِآبَائِهِمْ كَبُرَتْ كَلِمَةً تَخْرُجُ مِنْ أَفْوَاهِهِمْ إِن يَقُولُونَ إِلَّا كَذِبًا۞**<br>သူတို့နှင့် သူတို့၏ မိရိုးဖလာသည် ထို၌ အသိပညာ မရှိဘဲ ပါးစပ်များမှ ထုတ်သော စကားသည် ကြီးကျယ်လှ၏။ မုသားကိုသာ ပြောနေကြ၏။ |
| ၆။ | **فَلَعَلَّكَ بَاخِعٌ نَّفْسَكَ عَلَى آثَارِهِمْ إِن لَّمْ يُؤْمِنُوا بِهَذَا الْحَدِيثِ أَسَفًا۞**<br>ဤ ဆင့်ပြန်ချက်အား သူတို့၏ မယုံကြည်သော ရိုးရာကြောင့် သင့်စိတ်ကိုသင် ဖြေမဆယ်နိုင်ဖြစ်ရာ၏။[၆၄၄] |
| ၇။ | **إِنَّا جَعَلْنَا مَا عَلَى الْأَرْضِ زِينَةً لَّهَا لِنَبْلُوَهُمْ أَيُّهُمْ أَحْسَنُ عَمَلًا۞**<br>ငါသည် သူတို့မှ သုမင်္ဂလာရှိသော ကျင့်ကြံမှုများကို စုံစမ်းရန် အလို့ငှာ ကမ္ဘာမြေပေါ်၌ စွဲမက်စရာများကို စီစဉ်ထားတော်မူပြီ။ |
| ၈။ | **وَإِنَّا لَجَاعِلُونَ مَا عَلَيْهَا صَعِيدًا جُرُزًا۞**<br>ကေန်ပင် ငါသည် ၎င်းကို ကုန်းပြောင်ပြောင် မြေခေါင်ခေါင် အဖြစ် စီစဉ်တော်မူအံ့။[၆၄၅] |

(၆၄၄) ဤသုတ်တော်က ကိုယ်တော်သည် လူသားအပေါင်း အတွက် မည်မျှ သောကကြီးသည်ကို အတိအလင်း ဖေါ်ပြနေသည်။ မိရိုးဖလာ အယူအား စွဲကိုင်ထားသူများမှာ အနာဂါတ်ဘဝ အတွက် အနာဂါတ်မျိုးဆက် အတွက် ကောင်းကျိုးကို မပေးနိုင်ကြောင်း၊ ပရမတ်ဘုရားရှင်၏ လောကဓမ္မကို ရောပြွန်းမွှေနှောက်ထားသော အယူအဆပြွန်း သြဝါဒများကြောင့် နောက်မျိုးဆက်များ မတိုးတက် မဖွံ့ဖြိုးနိုင်ကြောင်းကို ကိုယ်တော် သိနေ၍ ပိုမိုခံစားရကြောင်းများကို တင်ပြသည်။ ဤသုတ်တော်မှ **ဆင့်ဆိုချက်** ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်ကို ဆိုခြင်း ဖြစ်သည်။

| | |
|---|---|
| ၉။ | أَمْ حَسِبْتَ أَنَّ أَصْحَابَ الْكَهْفِ وَالرَّقِيمِ كَانُوا مِنْ آيَاتِنَا عَجَبًا ۞<br>သို့တည်းမဟုတ် လိုဏ်ဂူတွင်း ပေါင်းဖော်များနှင့် သူတို့၏ ရေးခြစ်ထားခြင်းများသည် ငါ၏ သုတ်ဒေသနာများအနက် အံ့ဘွယ်များဟု သင် စဉ်းစားသလော။[၆၄၆] |
| ၁၀။ | إِذْ أَوَى الْفِتْيَةُ إِلَى الْكَهْفِ فَقَالُوا رَبَّنَا آتِنَا مِن لَّدُنكَ رَحْمَةً وَهَيِّئْ لَنَا مِنْ أَمْرِنَا رَشَدًا ۞<br>လုလင်များသည် လိုဏ်ဂူထဲသို့ ခိုလှုံရာ ရှာခဲ့ကြ၍၊ "အို ကံကြမ္မာရှင် တပည့်တော်တို့အား အရှင့်ထံတော်မှ ကရုဏာတော်အား ချီးမြှင့်တော်မူပါ၊ တပည့်တော်တို့အား ဖြောင့်မတ်သော ညွှန်ကြားမှုများ ပံ့ပိုးချပေးတော်မူပါ"ဟု ဆုပန်၏။ |
| ၁၁။ | فَضَرَبْنَا عَلَى آذَانِهِمْ فِي الْكَهْفِ سِنِينَ عَدَدًا ۞<br>သို့ဖြင့် ငါသည် သူတို့၏ နားများကို လိုဏ်ဂူထဲ၌ နှစ် အရေအတွက် ပေါင်းများစွာ သတ်ရိုက်ထားလိုက်၏။[၆၄၇] |
| ၁၂။ | ثُمَّ بَعَثْنَاهُمْ لِنَعْلَمَ أَيُّ الْحِزْبَيْنِ أَحْصَى لِمَا لَبِثُوا أَمَدًا ۞<br>ထို့နောက် ထိုနှစ်ဂိုဏ်းအနက် ထို၌ မည်မျှ နေခဲ့သည့် ကာလကို အစဉ်လိုက် သိနိုင်စေရန် သူတို့အား နိုးထစေခဲ့၏။ |
| ၁၃။ | نَحْنُ نَقُصُّ عَلَيْكَ نَبَأَهُم بِالْحَقِّ إِنَّهُمْ فِتْيَةٌ آمَنُوا بِرَبِّهِمْ وَزِدْنَاهُمْ هُدًى ۞<br>ငါသည် ဤသတင်းများကို အမှန်သစ္စာအဖြစ် ဖေါ်ပြခဲ့၏။ ထို လုလင်များသည် သူတို့၏ကံကြမ္မာရှင်အား ယုံကြည်သဖြင့်၊ လမ်းညွှန်မှုန်၌ တိုးပွားစေခဲ့ပြီ။ |
| ၁၄။ | وَرَبَطْنَا عَلَى قُلُوبِهِمْ إِذْ قَامُوا فَقَالُوا رَبُّنَا رَبُّ السَّمَاوَاتِ وَالْأَرْضِ لَن نَّدْعُوَ مِن دُونِهِ إِلَهًا لَقَدْ قُلْنَا إِذًا شَطَطًا ۞<br>ငါသည် သူတို့၏ နှလုံးသားကို တက်ကြွစေခဲ့ပြီ။ သူတို့က ရပ်တည်လျှက် ကြေငြာကြသည်မှာ "ကျွန်ုပ်တို့၏ ကံကြမ္မာရှင်မှာ မိုးများနှင့် မြေကမ္ဘာ၏ ကံကြမ္မာရှင် ဖြစ်၏။ အရှင် မှလွဲ၍ အခြားသော ဘုရားဟူ၍ ဆုတောင်းရာ မရှိတော့ပြီ။ သို့မဟုတ်က ကျွန်ုပ်တို့၏ ပြောဆိုမှုမှာ မတရားမှု ဖြစ်ချေလတ္တံ့။– |
| ၁၅။ | هَؤُلَاء قَوْمُنَا اتَّخَذُوا مِن دُونِهِ آلِهَةً لَّوْلَا يَأْتُونَ عَلَيْهِم بِسُلْطَانٍ بَيِّنٍ فَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللَّهِ كَذِبًا ۞<br>–သူတို့အပေါ် ရှင်းလင်းသော လုပ်ပိုင်ခွင့် မပေးအပ်ထားသော်လည်း– ဤကျွန်ုပ်တို့၏ လူမျိုးများသည် အရှင် မှလွဲ၍ |

---

(၆၄၅) ဤသုတ်တော် နှစ်ပါး (၇၊ ၈)သည် အလွန်လှပတင့်တယ်သော မြို့များ၊ စိမ်းလန်းစိုပြေသော တောတောင်များကို ဖြစ်တည်စေပြီးနောက် ထိုအရာများသည် လောကမွှော အတိုင်း ပြန်လည်ပျက်စီးသွားရမည်ဟု ဆိုထားပေသည်။ လှပတင့်တယ်သော မြို့ပြများ စိမ်းလန်းသာယာသော တောတောင်များ (တင့်တယ်ဆွဲဆောင်ရာများ) ဆိုသည်မှာ သဲခေါင်ခေါင်၊ ကျောက်တောင်များနှင့် ရောပြွမ်းနေသည့် အာရေဗျ သဲကန္တာရကို ဖေါ်ညွှန်းခြင်း မဟုတ်ချေ။ ထိုရည်ညွှန်းသော နေရာဒေသများအား သုတ်တော် (၁၇)တွင် ဖေါ်ပြထားပေသည်။

(၆၄၆) **ကဟ်ဖ်** မှာ လိုဏ်ဂူ သို့မဟုတ် ခိုအောင်းရာ နေရာဟု ဖြစ်၍၊ **ရကီးမ်** မှာ ကျောက်တိုင်ပေါ်တွင် ရေးမှတ်ထားသောစာ သို့မဟုတ် ကြေငြာဆိုင်းဘုတ်များကို ရည်ညွှန်းပေသည်။ မိမိတို့ကိုယ် မိမိတို့ ဥဏ်စဉ်ရေးရာ ထွက်လမ်းကို ဂူကဲ့သို့ ပိတ်လိုက်၍ ဘုန်းကြီးရဟန်း ဘာသာရေးလက္ခဏာတစ်ရပ်ကို ဖန်တီးလျှက် ထွက်ပေါက်ပိတ်နေသော လူမျိုးကို ပုံဆောင်ပမာပေးခြင်း ဖြစ်ပေသည်။ ထိုဘုန်းကြီးရဟန်း လူတန်းစားလက္ခဏာ တစ်ရပ်မှ အခြား လူသားတို့အတွက် ဥဏ်စဉ်ရေးရာ ထွက်ပေါက်၌ မှတ်တိုင်သဖွယ်၊ သို့မဟုတ် လမ်းညွှန် ကြေငြာသဖွယ် ဖြစ်နေခြင်းကို ရည်ညွှန်းပေသည်။ မှတ်တိုင်သဖွယ် ရပ်တည်နေသော လူသားများကြောင့် ထိုဂူပိတ်မိနေသော လူသားများ၏ ဘဝ မျိုးဆက်သည် နှစ်ရာစုများစွာ လောကကြီးနှင့် အဆက်သွယ် ပြတ်နေရကြောင်း၊ ထိုမှ မျိုးဆက်သစ် လူငယ်များက ကမ္ဘာလောက အလည်သို့ ထိုးဖေါက်ထွက်လာ၍ ပတ်ဝန်းကျင် ဗဟုသုတ၊ ကမ္ဘာ့ဗဟုသုတများရလာကာ ထွက်ပေါက်ရှာခဲ့ကြကြောင်းကို ဆက်လက် ဖေါ်ပြပါ သုတ်တော်များ၌ တွေ့ရသည်။

(၆၄၇) ဤသုတ်တော်မှ **သဠရာဘ** ကို ဆရာတော်ကြီးများက တံဆိပ်ရိုက်နှိပ်ထားသည်ဟု ဘာသာပြန်ဆိုကြပေသည်။ **သဠရာဘ**၏ အနက်မှာ ရိုက်သည်၊ ခရီးနှင်သည်၊ ဥပမာပုံ ပြုလုပ်သည်ဟု ဖြစ်ပေသည်။ ဤနေရာ၌ ပူလောင်ဆူပွက်သော မြို့ပြဒဏ်ကို ငြီးငွေ့၍ ငြိမ်းချမ်းမှု ရလေမလားဟု အေးငြိမ်းရာဟု ထင်မြင်သည့် လိုဏ်ဂူ သို့မဟုတ် ခိုအောင်းရာသို့ ပြေးဝင် ခိုလှုံမိသော လူငယ်များမှာ ထိုပရောဂထဲ၌ သို့မဟုတ် ထိုမှတ်တိုင်လူတန်းစား၏ ဩဝါဒ လောင်းရိပ်မိလျှက် နှစ်ပေါင်းများစွာ ဘဝသေသွားရသည်ကို ရည်ညွှန်းသဖြင့် **သဠရာဘ**ကို သတ်ရိုက်ထားသည်ဟု ပြန်ဆိုခြင်း ဖြစ်သည်။

| | |
|---|---|
| | ဘုရားအများ အယူထားနေ၏။ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး လိမ်ညာသူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊– |
| ၁၆။ | **وَإِذِ اعْتَزَلْتُمُوهُمْ وَمَا يَعْبُدُونَ إِلَّا اللَّهَ فَأْوُوا إِلَى الْكَهْفِ يَنشُرْ لَكُمْ رَبُّكُم مِّن رَّحمته ويُهَيِّئْ لَكُم مِّنْ أَمْرِكُم مِّرْفَقًا ۞**<br>သူတို့နှင့် ပရမတ်ဘုရားရှင်မှအပ သူတို့ ကိုးကွယ်သည်များမှ သင်တို့ ရှောင်ခွာသွားလျှက် လိုင်ဂူထဲတွင် ခိုနေသော အခါ သင်တို့၏ ကံကြမ္မာရှင်က ကရုဏာတော်ဖြင့် နိုးကြွနေစေအံ့။ အကျွမ်းလာမည့်သော ညွှန်ကြားချက်များကို သင်တို့ အတွက် ပုံစံချပေးလတ္တံ့။” |
| ၁၇။ | **وَتَرَى الشَّمْسَ إِذَا طَلَعَت تَّزَاوَرُ عَن كَهْفِهِمْ ذَاتَ الْيَمِينِ وَإِذَا غَرَبَت تَّقْرِضُهُمْ ذَاتَ الشِّمَالِ وَهُمْ فِي فَجْوَةٍ مِّنْهُ ذَلِكَ مِنْ آيَاتِ اللَّهِ مَن يَهْدِ اللَّهُ فَهُوَ الْمُهْتَدِي وَمَن يُضْلِلْ فَلَن تَجِدَ لَهُ وَلِيًّا مُّرْشِدًا ۞**<br>နေထွက်လာသောအခါ၊ သူတို့ လိုင်ဂူ၏ ညာဘက်မှ လှည့်ပတ်သွား၍၊ ၎င်းသည် နေဝင်ချိန်၌ သူတို့၏ ဘယ်ဘက်မှ ကပ်သွားသည်ကို သင်မြင်ရလတ္တံ့၊ သူတို့သည် ၎င်း၏ လဟာပြင်ကျယ်၌ ရှိ၏၊ ဤသည် ပရမတ် ဘုရားရှင်ထံမှ နိမိတ်လက္ခဏာ တစ်ရပ်ဖြစ်၏။ ပရမတ်ဘုရားရှင်က လမ်းညွှန်ပေးသော သူသည် လမ်းညွှန်မှန်၌ ရှိ၍၊ လမ်းလွဲစေသူ အတွက် အရှင့်အား တုပြိုင်လျှက် ဖြောင့်မတ်သော မဟာမိတ်ကို တွေ့ရမည် မဟုတ်ချေ။[၆၄၈] |
| ၁၈၊<br><br>သေချာ | **وَتَحْسَبُهُمْ أَيْقَاظًا وَهُمْ رُقُودٌ وَنُقَلِّبُهُمْ ذَاتَ الْيَمِينِ وَذَاتَ الشِّمَالِ وَكَلْبُهُم بَاسِطٌ ذِرَاعَيْهِ بِالْوَصِيدِ لَوِ اطَّلَعْتَ عَلَيْهِمْ لَوَلَّيْتَ مِنْهُمْ فِرَارًا وَلَمُلِئْتَ مِنْهُمْ رُعْبًا ۞**<br>သူတို့ အိပ်ပျော်နေသော်လည်း နိုးလျှက်ရှိသည်ဟု သင် စဉ်းစားမိလတ္တံ့၊ ငါသည် သူတို့အား ဘယ် ညာ ခေါင်းလှည့် နေစေ၏။ သူတို့၏ ခွေးကား လက်နှစ်ဘက်ကို ဆန့်၍ ဝင်ပေါက်ပိတ်လျှက် ရှိ၏။ သင်သည် သူတို့အား **ဖြည့်၍** ရုပ်လုံး ပေါ်လျှင် ကြောက်လန့် လှည့်ပြေးမိလတ္တံ့။[၆၄၉] |
| ၁၉။ | **وَكَذَلِكَ بَعَثْنَاهُمْ لِيَتَسَاءلُوا بَيْنَهُمْ قَالَ قَائِلٌ مِّنْهُمْ كَمْ لَبِثْتُمْ قَالُوا لَبِثْنَا يَوْمًا أَوْ بَعْضَ يَوْمٍ قَالُوا رَبُّكُمْ أَعْلَمُ بِمَا لَبِثْتُمْ فَابْعَثُوا أَحَدَكُم بِوَرِقِكُمْ هَذِهِ إِلَى الْمَدِينَةِ فَلْيَنظُرْ أَيُّهَا أَزْكَى طَعَامًا فَلْيَأْتِكُم بِرِزْقٍ مِّنْهُ وَلْيَتَلَطَّفْ وَلَا يُشْعِرَنَّ بِكُمْ أَحَدًا ۞**<br>ငါသည် သူတို့အား ဤသို့ နိုးထစေ၍ သူတို့ချင်းကြား မေးသူတစ်ဦးအား မေးမြန်းစေသည်မှာ “ထို၌ သင်တို့သည် |

(၆၄၈) ဤသုတ်တော်သည် လိုင်ဂူဟု ဥပမာပေးသော အရပ်ကို နေသွားလမ်းကြောင်းဖြင့် ဖေါ်ပြပေသည်။ နေထွက်လာသောအခါ နေသည် ကြည့်သူ၏ ညာဘက်တွင် တိမ်းလျှက်ရှိပြီး၊ နေစောင်းချိန်တွင် ကြည့်သူအား နေက ဘေယ်ဘက်တွင် ထားခဲ့သည် ဆိုခြင်းမှာ အီကွေတာ၏ မြောက်ဘက် ကမ္ဘာခြမ်းကို ဆိုလိုခြင်း ဖြစ်သည်။ ထိုအရပ်သည် အီကွေတာ တည့်တည့် ဖြစ်သည့် ကိုယ်တော် မုဟမ္မဒ်ပွင့်ပေါ်ရာ ဆော်ဒီအာရေဗျ နိုင်ငံ မဟုတ်ပေ။ အီကွေတာ၏ မြောက်ဘက်ခြမ်းတွင် ပွင့်ပေါ်သော သာသနာများနှင့် သာသနာပြုခံရသော လူမျိုးများကို ရည်ညွှန်းပေသည်။ ထို လူသားများသည် ဘာသာရေး လက္ခဏာကို ဖန်တီးထားသော ကျောက်တိုင်သဖွယ် ခိုင်မြဲနေသည့် လူတန်းစားတစ်ရပ်၏ အရိပ်အောက်မှ ဘဝသေ နေရပေသည်။ သို့သော် သူတို့၏ မျိုးဆက်သစ်လူငယ်များကြောင့် သူတို့၏ ဘဝ ပြန်ရှင်သန်ရမည်ဟု ကျမ်းတော်က ဆိုပေသည်။

(၆၄၉) ဤသုတ်တော်က ထိုလူသားများသည် ဂူထဲတွင် တကယ်တန်း အသက်သေနေသူများ မဟုတ် အိပ်မောကျ ဘဝသေနေရသူများသာ ဖြစ် ကြောင်း အတိအကျ ပြဆို၍၊ သူတို့၏ အယူကို အဟုတ်ကြီးမှတ်လျှက် ဘယ်ညာ၊ တောင်မြောက်လေးပါးကို အယူဝါဒဖြန့်ချီလျှက်ပင် ရှိပေသည်။ ထိုအတွက်လည်း သူတို့အား သစ္စာရှိရှိစောင့်ရှောက်ပေးသော သာသနာစောင့်မင်းကြီးများပင် ရှိနေကြောင်း “သူတို့၏ ခွေး” ဟု ဝက်ဝုတ္တိ လင်္ကာ ဖြင့် ပြောဆိုပေသည်။ ဤနေရာ၌ သုံးသော “ခွေး” ဆိုသည်မှာ နိမ့်ကျသော သဘော မပါဝင်ပေ၊ လူတစ်ယောက် အဖြစ် ရေတွက် ထားသည်က သက်သေပြင် ဖြစ်သည် (သုတ် ၂၂)။ သခင်အပေါ်တွင် သစ္စာရှိသော၊ သခင်၏ ဘဝသေနေသည့်တိုင် သခင်အား ထား၍ ထွက်မသွားဘဲ စောင့် ရှောက်နေသော၊ သစ္စာရှိသည့် အဖေါ်၊ စောင့်ရှောက်ပေးသူကို ရည်ညွှန်းပေသည်။ သူတို့၏ အင်အား၊ သူတို့၏ အယူသည် အလွန်ချောက်ချား တုန်လှုပ်ဘွယ် ဖြစ်ကြောင်းကိုလည်း ကျမ်းတော်က ဖေါ်ပြသည်။ အဓိပ္ပါယ်မှာ သူတို့၏ ငြိမ်းချမ်းသည်ဟု အဟုတ်ကြီး ထင်နေသော အယူသည် လောကအတွက် နောက်လာ နောက်သားများ အတွက် အလွန် ထိတ်လန့်ဘွယ်ဖြစ်ကြောင်း သွန်သင်ခြင်းပင် ဖြစ်ပေသည်။

| | |
|---|---|
| | မည်မျှနေခဲ့သနည်း၊''ဟု ဆိုသော်၊ ''ကျွန်ုပ်တို့သည် တစ်ရက် သို့မဟုတ် တစ်ရက်၏ အချို့ နေခဲ့ရ၏''ဟု ဖြေကြ၍၊ ဆက်ပြောသည်မှာ ''သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့မည်မျှနေခဲ့ကြောင်း အသိဆုံး ဖြစ်တော်မူ၏၊ သင်တို့အနက်မှ တစ်ဦးကို နိုးကြားစေ၍ ဤငွေစက္ကူဖြင့် မြို့ထဲသို့စေလော့၊ ထို့နောက် မည်သည့် စားဘွယ်သည် သန့်ရှင်းဖြူစင်ဆုံးဖြစ်သည်ကို ကြည့်စေလော့၊ ထိုမှ သင်တို့ အတွက် ရိက္ခာကို ယူလာစေလော့၊ သင်တို့အကြောင်းအား တစ်ယောက်မှ သတိမမူမိစေရန် သူ့အား သိမ်သိမ်မွေ့မွေ့ ရှိစေလော့။– |
| ၂၀။<br>ကျင့်စဉ် | إِنَّهُمْ إِن يَظْهَرُوا عَلَيْكُمْ يَرْجُمُوكُمْ أَوْ يُعِيدُوكُمْ فِي مِلَّتِهِمْ وَلَن تُفْلِحُوا إِذًا أَبَدًا ۞<br>သူတို့ထံ၌ သင်တို့အကြောင်း ပေါ်သွားလျှင် သင်တို့အား ပစ်ထုတ်ကြလတ္တံ့၊ သို့မဟုတ် သူတို့၏ **ဘာသာ၌** ဆက်ကျင့်စေလတ္တံ့၊ သို့ဖြစ်လျှင် သင်တို့သည် မည်သည့်အခါမှ အောင်မြင်ပေါက်မြောက်မည် မဟုတ်ချေ။''ဟု ဖြစ်၏။[၆၅၀] |
| ၂၁။ | وَكَذَلِكَ أَعْثَرْنَا عَلَيْهِمْ لِيَعْلَمُوا أَنَّ وَعْدَ اللَّهِ حَقٌّ وَأَنَّ السَّاعَةَ لَا رَيْبَ فِيهَا إِذْ يَتَنَازَعُونَ بَيْنَهُمْ أَمْرَهُمْ فَقَالُوا ابْنُوا عَلَيْهِم بُنْيَانًا رَّبُّهُمْ أَعْلَمُ بِهِمْ قَالَ الَّذِينَ غَلَبُوا عَلَى أَمْرِهِمْ لَنَتَّخِذَنَّ عَلَيْهِم مَّسْجِدًا ۞<br>ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတရားဖြစ်ကြောင်း သိနိုင်စေရန်၊ အချိန်နာရီ၌ သံသယဖြစ်ဘွယ် မရကြောင်းကို ရှာဖွေတွေ့ရှိစေရန် သူတို့နှင့် ပတ်သက်၍ ဤသို့ ပြသတော်မူ၏။ သူတို့၏ ညွန်ကြားချက်များ၌ အချင်းချင်းကြား ဖယ်ပစ်နေကြသောအခါ ''သူတို့ ပတ်လည်၌ ထပ်မြင့်တိုက်များ ဆောက်လုပ်ကြစို့၊''ဟု ဆိုကြ၏။ အနိုင်ရသောသူများက ''ကျွန်ုပ်တို့သည် သူတို့ ပတ်လည်၌ ဝတ်ကျောင်းတစ်ဆောင်ကို ရယူလတ္တံ့၊''ဟု ပြောကြသည်ကို သူတို့၏ ကံကြမ္မာရှင်သည် အသိဆုံးဖြစ်တော်မူ၏။ |
| ၂၂။ | سَيَقُولُونَ ثَلَاثَةٌ رَّابِعُهُمْ كَلْبُهُمْ وَيَقُولُونَ خَمْسَةٌ سَادِسُهُمْ كَلْبُهُمْ رَجْمًا بِالْغَيْبِ وَيَقُولُونَ سَبْعَةٌ وَثَامِنُهُمْ كَلْبُهُمْ قُل رَّبِّي أَعْلَمُ بِعِدَّتِهِم مَّا يَعْلَمُهُمْ إِلَّا قَلِيلٌ فَلَا تُمَارِ فِيهِمْ إِلَّا مِرَاء ظَاهِرًا وَلَا تَسْتَفْتِ فِيهِم مِّنْهُمْ أَحَدًا ۞<br>''သုံးယောက်၊ သူတို့၏ခွေးသည် စတုတ္ထ ဖြစ်၏၊'' ဟု ပြောကြသော်၊ အချို့က ''ငါးယောက် သူတို့၏ခွေးမှာ ဆဋ္ဌမ ဖြစ်၏၊''ဟု မျက်ကွယ်ကို လေပစ် ပြောဆိုကြ၏။ အချို့ကလည်း ''ခုနစ်ယောက် သူတို့၏ ခွေးသည် အဋ္ဌမ ဖြစ်၏၊''ဟု ဆိုကြ၏။ ဟောပြောလော့ ''ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သူတို့၏ အရေအတွက်ကို အသိဆုံးဖြစ်တော်မူ၏၊ လူနည်းစုသာလျှင် ထိုအကြောင်းကို သိကြ၏၊ ထို့ကြောင့် အပြင်ပန်း အချေအတင်ဖြစ်မှ အပ သူတို့၏အကြောင်းနှင့် အချင်းမများကြနှင့်၊ သူတို့နှင့် စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်ထံတွင်မှ မစုံးစမ်းလေနှင့်၊''[၆၅၁] |

**(၆၅၀)** ဤသုတ်တော်နှစ်ပါး (၁၉၊၂၀)သည် မိရိုးဖလာမှ နိုးကြားလာသော လူငယ်မျိုးဆက်များ အကြောင်းကို တင်ပြသည်။ သူတို့သည် ထို ပိတ်လှောင်နေသော ဂူပိတ်ဘဝဖြင့် ခေတ်တစ်ခေတ် သို့မဟုတ် ခေတ်တစ်ခေတ်၏ တစ်စိတ်တစ်ပိုင်းမျှ ဘဝ သေနေခဲ့ရပေသည်။ စတင်နိုးကြားလာသော လူငယ်မျိုးဆက်သည် မိရိုးဖလာအား ပြောင်ပြောင်တင်းတင်း ဆန့်ကျင်၍ မရသေးချေ၊ သို့မဟုတ် မိမိ၏ အယူအဆသစ်ကို ပွင့်လင်းစွာ တင်ပြနိုင်ခြင်း မရှိသေးချေ။ သူတို့အနေဖြင့် အနေအထိုင် သိုသိပ်နေရပေသည်။ သို့မဟုတ် သူတို့၏ မိရိုးဖလာ အစွဲရှိသူများ၊ သူတို့၏ သာသနာစောင့်မင်း (အာဏာပိုင်)များ၏ ဒုက္ခပေးခြင်း အမျိုးမျိုးကိုလည်းကောင်း၊ မိရိုးဖလာ ယုံကြည်မှုထဲသို့ အတင်းအဓမ္မပြန်လည် သက်ဝင်ယုံကြည် ခိုင်းခြင်းကိုလည်းကောင်း ခံရနိုင်သည်ဟု ထောက်ပြထားပေသည်။

**(၆၅၁)** ဤသုတ်တော်တွင် ဖေါ်ပြသော ကိန်းဂဏန်းများမှာ ဂူထဲတွင် နေခဲ့ရသော လူဦးရေကို မရည်ညွှန်းပေ။ သူတို့နေထိုင်ပေါ်ထွန်းရာ အရပ်ကို သုတ်တော် ၁၇ တွင် ပြောပြီးချေပြီ။ ထိုအရပ်သည် အီကွေတာ၏ မြောက်ဘက်ခြမ်း အရပ်ဖြစ်၍ ကြီးမားကျယ်ပြန့်သော ဒေသကြီး ဟု ဖြစ်ပေသည်။ ထိုဒေသကြီးတွင် လူဦးရေ ဤမျှနည်းနည်းသာ နေထိုင်မည်မှာ မဖြစ်နိုင်ချေ။ ထို့ကြောင့် ဤသုတ်တော်မှ ရည်ညွှန်းသော လူဦးရေမှာ ထိုနိုးကြားလာသော လူသားများမှာ ထပ်ဆင့် အယူကွဲ၊ ဂိုဏ်းကွဲဖြစ်သွားသော ဂိုဏ်းအရေအတွက်၊ ပါတီအရေအတွက်များမှ ဖြစ်ခဲ့ကြောင်းကို ဆိုလိုပေသည်။ ထို့ကြောင့် လူသားများ အနေဖြင့် ဂိုဏ်းမည်မျှကွဲခဲ့သည်ကို မှန်းဆခြင်းမှတစ်ပါး မည်သူမှ အတိအကျ မသိနိုင်ကြောင်းကို ပြောထားခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၂၃။ | وَلَا تَقُولَنَّ لِشَيْءٍ إِنِّي فَاعِلٌ ذَٰلِكَ غَدًا ۞<br>"ဤအရာကို မနက်ဖြန်၌ ပြုလုပ်မည်၊"ဟု မည်သည့်အရာကိုမှ မပြောလေနှင့်။[၆၅၂] |
| ၂၄။ | إِلَّا أَن يَشَاءَ اللَّهُ وَاذْكُر رَّبَّكَ إِذَا نَسِيتَ وَقُلْ عَسَىٰ أَن يَهْدِيَنِ رَبِّي لِأَقْرَبَ مِنْ هَٰذَا رَشَدًا ۞<br>ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီခဲ့လျှင်ဟု ဆိုကြလော့၊ "မေ့နေခဲ့သော်၊ သင့်ကံကြမ္မာရှင်အား သတိရလျှက် "ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား လမ်းညွှန်၍ ဤထက် နီးကပ်စွာ ဖြောင့်မတ်ပေးနိုင်ရာ၏၊"ဟု ပြောဆိုလော့။ |
| ၂၅။ | وَلَبِثُوا فِي كَهْفِهِمْ ثَلَاثَ مِائَةٍ سِنِينَ وَازْدَادُوا تِسْعًا ۞<br>သူတို့သည် ဂူတွင်း၌ နှစ်ပေါင်း သုံးရာ နေခဲ့၏။ ထို့ပြင် ကိုးဆ တိုးလိမ့်မည်။[၆၅၃] |
| ၂၆။ | قُلِ اللَّهُ أَعْلَمُ بِمَا لَبِثُوا لَهُ غَيْبُ السَّمَاوَاتِ وَالْأَرْضِ أَبْصِرْ بِهِ وَأَسْمِعْ مَا لَهُم مِّن دُونِهِ مِن وَلِيٍّ وَلَا يُشْرِكُ فِي حُكْمِهِ أَحَدًا ۞<br>ဟောလော့ "ပရမတ်ဘုရားရှင်သည် ထိုဂူ၌ သူတို့ မည်မျှနေခဲ့ကြောင်းကို အသိဆုံး ဖြစ်တော်မူ၏။ အရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ စကြွာလွန်ကို ပိုင်စိုးသော မြင်နေ၊ ကြားနေသည့် အရှင်ဖြစ်၏၊ သူတို့အတွက် အရှင် မှလွဲ၍ မဟာမိတ် ဟူ၍ မရှိချေ။ စီရင်ထုံးပြုရာ၌ မည်သူတစ်ဦးတစ်ယောက်သည်မှ အရှင်နှင့် ဖက်စပ်ရောပြွန်းခွင့် မရှိချေ။" |
| ၂၇။ | وَاتْلُ مَا أُوحِيَ إِلَيْكَ مِن كِتَابِ رَبِّكَ لَا مُبَدِّلَ لِكَلِمَاتِهِ وَلَن تَجِدَ مِن دُونِهِ مُلْتَحَدًا ۞<br>ကံကြမ္မာရှင်၏ ကျမ်းတော်မှ သင့်အား အာရုံစျာန်ဖြစ်ပေးရာကို ဖတ်ပြလော့၊ အရှင်၏ ဓမ္မတော်သည် အပြောင်းအလဲ မရှိ အရှင် မှလွဲ၍ လှီးလွှဲရှောင်ကွေ့ရာကိုလည်း တွေ့နိုင်မည် မဟုတ်ချေ။ |
| ၂၈။ | وَاصْبِرْ نَفْسَكَ مَعَ الَّذِينَ يَدْعُونَ رَبَّهُم بِالْغَدَاةِ وَالْعَشِيِّ يُرِيدُونَ وَجْهَهُ وَلَا تَعْدُ عَيْنَاكَ عَنْهُمْ تُرِيدُ زِينَةَ الْحَيَاةِ الدُّنْيَا وَلَا تُطِعْ مَنْ أَغْفَلْنَا قَلْبَهُ عَن ذِكْرِنَا وَاتَّبَعَ هَوَاهُ وَكَانَ أَمْرُهُ فُرُطًا ۞<br>အရှင့်ထံ မျက်နှာရရန် လိုလား၍ မနက်စောစောနှင့် ညဦး၌ ဆုတောင်းကြသောသူများ နှင့်အတူ သင်၏စိတ်ကို ကြံ့ခိုင်စေလော့၊ လောကီ ဘဝ၏ စွဲမက်စရာအား လိုလားလျှက် သူတို့အား မျက်ခြေပြတ်သွားခြင်း မရှိစေလင့်၊ ငါ့အား သတိမရစေရန် နှလုံးသားကို မေ့လျော့ထားသူ၊ မိမိ၏ လိုဘနောက်ကိုသာ လိုက်နေသူ၊ အရှင်၏ ညွှန်ကြားချက်အား လက်လွှတ်စပယ် ရှိသူကို မနာခံလင့်။ |
| ၂၉။<br><br>စစ်ပွဲ | وَقُلِ الْحَقُّ مِن رَّبِّكُمْ فَمَن شَاءَ فَلْيُؤْمِن وَمَن شَاءَ فَلْيَكْفُرْ إِنَّا أَعْتَدْنَا لِلظَّالِمِينَ نَارًا أَحَاطَ بِهِمْ سُرَادِقُهَا وَإِن يَسْتَغِيثُوا يُغَاثُوا بِمَاءٍ كَالْمُهْلِ يَشْوِي الْوُجُوهَ بِئْسَ الشَّرَابُ وَسَاءَتْ مُرْتَفَقًا ۞<br>ဟောလော့ "သစ္စာတရားသည် သင်တို့၏ကံကြမ္မာရှင် ထံမှ ဖြစ်၏။ သို့ဖြစ်၍ သူ့စံချိန်အလျောက် သူယုံကြည်ပါစေ၊ သူ့စံချိန်အလျောက် သူ ဖုံးကွယ်ပါစေ။ အမိုက်ကောင်များအတွက် ငါသည် သူတို့၏ ပတ်လည်၌ နံရံများခတ်လျှက် **အပူမီး**ကို ပြင်ဆင်ထား၏။ သူတို့သည် ရေကို အသားနားခံလျှင်၊ သူတို့၏ မျက်နှာများကို လောင်မြိုက်စေသော ကြေးနီရည်ကဲ့သို့ ပေးသနား၏၊ အကုသိုလ်ကို အကျွမ်းဝင်သည့် ဆိုဝါးလှသော သောက်ရေဖြစ်၏။" |

---

(၆၅၂) ဤသုတ်တော်က အစ္စလာမ် သာသနာဝင်များအား သာသနာရေးနှင့် ပတ်သက်၍ ရှင်းပြပြောဆိုရန် အချိန်နောက်ဆုတ် မထားရမည့် အကြောင်းကို သွန်သင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဂူပိတ်မိနေသော လူသားများကဲ့သို့ မဖြစ်စေရန် ဖြစ်၏။ သူတို့သည် သူတို့၏ သာသနာအား ဖြန့်ချီခဲ့ရာ၌ ဂူပိတ်မိနေသောကြောင့် (အတွေးအခေါ် လျောင်ပိတ်နေသောကြောင့်) ရာစု (၃)စု နောက်ကျခဲ့ကြောင်းကို သုတ်တော် (၂၅) တွင် ထောက်ပြထားပေသည်။

(၆၅၃) သူတို့သည် သူတို့၏ သာသနာအား နှစ်ပေါင်း သုံးရာ အတွင်း ကမ္ဘာသို့ မဖြန့်ချီနိုင်ခဲ့ပေ၊ အတွေးအခေါ်သည်လည်း ဂူပိတ်မိနေခဲ့သည်။ ထို့နောက် ၃ ရာစု နောက်ပိုင်းတွင် ကမ္ဘာသို့ ပြန့်ချီနိုင်ခဲ့သော်လည်း ထိုအတွေး အခေါ်များမှာ (သုံးရာ– ကိုးဆတိုးလျှက်) နှစ်ပေါင်း နှစ်ထောင့် ခုနစ်ရာ အထိသာ ရှင်သန်နေလိမ့်မည် ဟု ဤသုတ်တော်က အသိပေးထားခြင်း ဖြစ်သည်။

| | |
|---|---|
| ၃၀။ | إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ إِنَّا لَا نُضِيعُ أَجْرَ مَنْ أَحْسَنَ عَمَلًا۝<br>ယုံကြည်လျက် ပြုပြင်မှု၌ ကျင့်ကြံသောသူတို့အတွက်မူ၊ မှတ်သားလော့ ငါသည် သုမင်္ဂလာ ကျင့်ကြံသူများ၏ ဆုလဒ်ကို အလဟဿ ဖြစ်စေတော်မမူချေ။ |
| ၃၁။ | أُوْلَئِكَ لَهُمْ جَنَّاتُ عَدْنٍ تَجْرِي مِن تَحْتِهِمُ الْأَنْهَارُ يُحَلَّوْنَ فِيهَا مِنْ أَسَاوِرَ مِن ذَهَبٍ وَيَلْبَسُونَ ثِيَابًا خُضْرًا مِّن سُندُسٍ وَإِسْتَبْرَقٍ مُّتَّكِئِينَ فِيهَا عَلَى الْأَرَائِكِ نِعْمَ الثَّوَابُ وَحَسُنَتْ مُرْتَفَقًا۝<br>ထိုသူတို့တွက် အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသည့် တည်မြဲခြင်း သုခဘုံများ ရှိ၏။ သူတို့အား ရွှေစလွယ်ဖြင့် ဆင်ယင်စေမည်၊ စိမ်းစိုသည့် ပိုးဖဲကတ္တီပါများကို ခြုံထည်ဖြစ်စေမည်၊ ပလ္လင်များပေါ်၌ မှီလှဲစံစားရစေမည်၊ ဂုဏ်ရှိသော အကျိုးဆက်နှင့် အတင့်တယ်ဆုံး အကျွမ်းဝင်လာစေမည်။ |
| ၃၂။ | وَاضْرِبْ لَهُم مَّثَلًا رَّجُلَيْنِ جَعَلْنَا لِأَحَدِهِمَا جَنَّتَيْنِ مِنْ أَعْنَابٍ وَحَفَفْنَاهُمَا بِنَخْلٍ وَجَعَلْنَا بَيْنَهُمَا زَرْعًا۝<br>သူတို့၏အတွက် လူနှစ်ဦးကို ပမာတည် ဥပမာပြ၏။ ငါသည် သူတို့မှ တစ်ဦးအား  စိုက်ခင်း နှစ်ခုကြား စွံပလွန်ပင်များ ခြံစည်း စီစဉ်ထားသည့် စပျစ်ဥယျာဉ် နှစ်ခုကို စီစဉ်ပေး၏။ |
| ၃၃။ | كِلْتَا الْجَنَّتَيْنِ آتَتْ أُكُلَهَا وَلَمْ تَظْلِمْ مِنْهُ شَيْئًا وَفَجَّرْنَا خِلَالَهُمَا نَهَرًا۝<br>ဥယျာဉ်နှစ်ခုလုံးမှ အစားအစာများကို ပေးစေ၏၊ ထိုမှ အမှောင်ကျသည် ဟု တစ်စုံတစ်ရာ မရှိချေ၊ ၎င်းတို့အတွင်းမှ စမ်းချောင်းတစ်ခု စီးထွက်စေ၏။[၆၅၄] |
| ၃၄။ | وَكَانَ لَهُ ثَمَرٌ فَقَالَ لِصَاحِبِهِ وَهُوَ يُحَاوِرُهُ أَنَا أَكْثَرُ مِنكَ مَالًا وَأَعَزُّ نَفَرًا۝<br>ထို့ကြောင့် သူ့တွင် သစ်သီးဝလံများ ပိုင်ဆိုင်၍ သူ့အဖော်အပေါင်းအား အသားယူ ပြောသည်မှာ “ကျွန်ုပ်သည် သင့်ထက် ဥစ္စာများစွာ ပိုရှိ၏၊ ဘုန်းကံမြင့် လူလုံးပြနိုင်၏၊”ဟု ဖြစ်၏။ |
| ၃၅။ | وَدَخَلَ جَنَّتَهُ وَهُوَ ظَالِمٌ لِّنَفْسِهِ قَالَ مَا أَظُنُّ أَن تَبِيدَ هَذِهِ أَبَدًا۝<br>သူသည် သူ့စရိုက်ကိုသူ အမိုက်စီးလျက် ဥယျာဉ်ထဲသို့ ဝင်သွား၍ ပြောသည်မှာ“ဤသည် မည်သည့်အခါမျှ ပျက်သုန်းမည် မဟုတ် ဟု ကျွန်ုပ် စဉ်းစားမိ၏၊– |
| ၃၆။ | وَمَا أَظُنُّ السَّاعَةَ قَائِمَةً وَلَئِن رُّدِدتُّ إِلَى رَبِّي لَأَجِدَنَّ خَيْرًا مِّنْهَا مُنقَلَبًا۝<br>–အချိန်နာရီသည် ရပ်နေမည်ဟု ကျွန်ုပ် မစဉ်းစားမိ၊ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံသို့ ဦးလှည့်ရလျှင်လည်း ဤထက် ပိုကောင်းသော ဌာနကို တွေ့ရလတ္တံ့၊”ဟု ဖြစ်၏။ |
| ၃၇။ | قَالَ لَهُ صَاحِبُهُ وَهُوَ يُحَاوِرُهُ أَكَفَرْتَ بِالَّذِي خَلَقَكَ مِن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ سَوَّاكَ رَجُلًا۝<br>သူ့ အပေါင်းအဖော်က သူ့အား ပြန်လည်အသားယူသည်မှာ သင့်အား မြေမှုန့်မှ၊ ထို့နောက် သုတ်ပိုးရည်တစ်စက်မှ ထို့နောက် လူသား အဖြစ် ပုံစံချ ဖြစ်တည်ပေးသော အရှင်အား ဖုံးကွယ်လေသလော။ |
| ၃၈။ | لَّكِنَّا هُوَ اللَّهُ رَبِّي وَلَا أُشْرِكُ بِرَبِّي أَحَدًا۝<br>ကျွန်ုပ်မှာမူ၊ အရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင် ဖြစ်၏။ ကျွန်ုပ်၏ ကံကြမ္မာရှင်အား တစ်စုံတစ်ရာနှင့်မှ ရောပြွန်းဖက်စပ်ခြင်း မရှိပါ။ |

(၆၅၄) **لَمْ تَظْلِمْ مِنْهُ** ထိုမှ အမှောင်ကျသည်ဟု မရှိချေ၊ ဟူသည်မှာ အာရ်ဗီစာသားကို တိုက်ရိုက်ပြန်ဆိုခြင်း ဖြစ်၍၊ ဆရာတော်ကြီးများက ၎င်းကို “အသီးမသီးသော အပင်ဟု မရှိပေ၊”ဟု ပြန်ဆိုကြပေသည်။ ကျမ်းတော်တွင် ဥယျာဉ်ဆိုသည်မှာ ကောင်းမှုဆောင်တာများ၏ အကျိုးဆက် ခံစားရရာ သုခဘုံ။ ကောင်းမှုတို့၏ အသီးအပွင့်နှင့် ထိုမှ မြစ်ချောင်း ဆိုသည်မှာ ထိုအသီးအပွင့်များ အတွက် ရှည်သန်နိုင်ရန် ရေကို ပမာပေးပြောကြောင်း မကြာခဏ ဖေါ်ပြ၍၊ **ဇွလိမ** ဆိုသည်မှာ အမိုက်စီးသည်၊ အမှောင်၊ အဝိဇ္ဇာစီးသည်၊ မတရားကျင့်ကြံသည်ဟု ကျမ်းတော်၌ သုံးပေသည်။

| | |
|---|---|
| ၃၉။ | **وَلَوْلَا إِذْ دَخَلْتَ جَنَّتَكَ قُلْتَ مَا شَاء اللَّهُ لَا قُوَّةَ إِلَّا بِاللَّهِ إِن تُرَنِ أَنَا أَقَلَّ مِنكَ مَالًا وَوَلَدًا ۞**<br>သင်သည် ဥယျာဉ်သို့ ဝင်သောအခါ၊ ''ပရမတ်ဘုရားရှင်၏ စံချိန်အတိုင်းသာ၊ ပရမတ်ဘုရားရှင်ထက် အစွမ်းရှိသူ မရှိပါ''ဟု ပြောအပ်၏။ ကျွန်ုပ်အား သင့်ထက် ဥစ္စာ၊ ရင်သွေး နည်းပါးသည်ဟု မြင်ရသော်လည်း– |
| ၄၀။ | **فَعَسَى رَبِّي أَن يُؤْتِيَنِ خَيْرًا مِّن جَنَّتِكَ وَيُرْسِلَ عَلَيْهَا حُسْبَانًا مِّنَ السَّمَاء فَتُصْبِحَ صَعِيدًا زَلَقًا ۞**<br>ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သင့်ဥယျာဉ်ထက် ပို၍ကောင်းသည်ကို ကျွန်ုပ်အား ပေးနိုင်ရာ၏၊ ၎င်းကို မိုးကောင်းကင်မှ စီစစ်တွက်ချက် စေစားလျှက် စောင်းရွဲ့ပြုဆင်း ဖုံးမြေ ဖြစ်သွားစေနိုင်၏။ |
| ၄၁။ | **أَوْ يُصْبِحَ مَاؤُهَا غَوْرًا فَلَن تَسْتَطِيعَ لَهُ طَلَبًا ۞**<br>သို့မဟုတ် ရေစမ်းသည် ဂူတွင်းစိမ့်ဝင်မှု ဖြစ်သွား၍၊ အမှီလိုက်ရန် တတ်နိုင်မည် မဟုတ်။ |
| ၄၂။ | **وَأُحِيطَ بِثَمَرِهِ فَأَصْبَحَ يُقَلِّبُ كَفَّيْهِ عَلَى مَا أَنفَقَ فِيهَا وَهِيَ خَاوِيَةٌ عَلَى عُرُوشِهَا وَيَقُولُ يَا لَيْتَنِي لَمْ أُشْرِكْ بِرَبِّي أَحَدًا ۞**<br>ထို့နောက် သူ့သီးနှံပုံ ပတ်လည်ဖြင့် သူသည် ထို၌ အသုံးစရိတ် ချပ်တီး၍ လှည့်ချေးရတော့၏။ အထပ်ထပ် ပြိုကျလျှက် ''ကျွန်ုပ်မှာဖြင့် ကံကြမ္မာရှင်အား တစ်စုံတစ်ရာဖြင့် ရောပြွန်းမကိုးကွယ်မိလျှင် ကောင်းလေစွ၊''ဟု ညီးညူ တော့၏။ |
| ၄၃။ | **وَلَمْ تَكُن لَّهُ فِئَةٌ يَنصُرُونَهُ مِن دُونِ اللَّهِ وَمَا كَانَ مُنتَصِرًا ۞**<br>ပရမတ်ဘုရားရှင် မှလွဲ၍ သူ့အား ကူညီမည့် တပ် မရှိပေ၊ သူ့ကိုယ်သူလည်း ကူညီနိုင်ခြင်း မရှိချေ။ |
| ၄၄။ | **هُنَالِكَ الْوَلَايَةُ لِلَّهِ الْحَقِّ هُوَ خَيْرٌ ثَوَابًا وَخَيْرٌ عُقْبًا ۞**<br>ဤ အလှည့်ကျဖြစ်စဉ်များသည် ပရမတ်ဘုရားရှင်ထံမှ အမှန်တရား ဖြစ်၏။ အရှင်သည် အကောင်းဆုံး အကျိုးဆက်နှင့် အကောင်းဆုံး ချုပ်ငြိမ်းစေသော အရှင် ဖြစ်၏။ |
| ၄၅။ | **وَاضْرِبْ لَهُم مَّثَلَ الْحَيَاةِ الدُّنْيَا كَمَاء أَنزَلْنَاهُ مِنَ السَّمَاء فَاخْتَلَطَ بِهِ نَبَاتُ الْأَرْضِ فَأَصْبَحَ هَشِيمًا تَذْرُوهُ الرِّيَاحُ وَكَانَ اللَّهُ عَلَى كُلِّ شَيْءٍ مُّقْتَدِرًا ۞**<br>သူတို့အတွက် ဤလောကီဘဝ၏ ပမာအား ဥပမာပေးသည်မှာ ကောင်းကင်၌ ပေါင်းစပ်နေသော သွန်းချပေးသည့် ရေကဲ့သို့ ဖြစ်၏ ၎င်းဖြင့် မြေကမ္ဘာအား သီးနှံဖြစ်ထွန်း စိမ်းစိုစေ၏၊ ထို့နောက် ၎င်းတို့ကို ခြောက်သွေ့မှု ဖြစ်သွားစေ၍ ဖြန့်ကြဲသော လေများဖြင့် လွင့်စင်စေ၏။ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်သော အရှင် ဖြစ်ပေ၏။ |
| ၄၆။ | **الْمَالُ وَالْبَنُونَ زِينَةُ الْحَيَاةِ الدُّنْيَا وَالْبَاقِيَاتُ الصَّالِحَاتُ خَيْرٌ عِندَ رَبِّكَ ثَوَابًا وَخَيْرٌ أَمَلًا ۞**<br>ဥစ္စာပစ္စည်း သားသမီးများသည် ဤလောကီဘဝ၏ စွဲမက်စရာများ ဖြစ်၏။ သို့သော် စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲခြင်းသည် သင့်ကံကြမ္မာရှင်၏ ထံ၌ ပို၍ကောင်း၏။ အကျိုးဆက်နှင့် ကောင်းမြတ်သော မျှော်လင့်ချက် ရှိ၏။ |
| ၄၇။ | **وَيَوْمَ نُسَيِّرُ الْجِبَالَ وَتَرَى الْأَرْضَ بَارِزَةً وَحَشَرْنَاهُمْ فَلَمْ نُغَادِرْ مِنْهُمْ أَحَدًا ۞**<br>တောတောင်များ ပြတ်ရွေ့၍၊ မြေကမ္ဘာသည် ပြန်ထွက်ခွာလာရသည်ကို သင်မြင်ရသော နေ့ကာလ၌၊ သူတို့မှ တစ်စုံတစ်ခုမှ မချွင်းချန်ဘဲ သူတို့အား ငါ စုစည်းစေမည်။[၆၅] |
| ၄၈။ | **وَعُرِضُوا عَلَى رَبِّكَ صَفًّا لَّقَدْ جِئْتُمُونَا كَمَا خَلَقْنَاكُمْ أَوَّلَ مَرَّةٍ بَلْ زَعَمْتُمْ أَلَّن نَّجْعَلَ لَكُم مَّوْعِدًا ۞** |

(၆၅) တောတောင်များ **ဂျီဘားလီ** ဆိုသည်မှာ မောက်မာသော အာဏာရှင်များကို ဆိုလိုကြောင်း ကျမ်းတော်တွင် မကြာခဏ ပြောဆို၍၊ မြေကမ္ဘာဆိုသည်မှာလည်း ကမ္ဘာဂြိုလ် တစ်ခုလုံးကို ဆိုလိုခြင်း မဟုတ်ဘဲ သူတို့ပိုင်သော တိုင်းပြည်များကိုသာ ဆိုလိုကြောင်း ကျမ်းတော်တွင် မကြာ ခဏပြောဆိုပေသည်။ ထိုအခါ အာဏာရှင်နှင့် အပေါင်းပါတို့သည် တစ်ယောက်မကျန် စစ်ကြောခံရမည်ပင်။

| | |
|---|---|
| အာဏာကျ<br>သွား | သူတို့အား သင့်ကံကြမ္မာရှင်၏ထံ၌ စီတန်းလျှက် ဘောင်တွင်းမှဖြစ်စေ၍ "သင်တို့အား ပထမအကြိမ် ဖြစ်တည်စေခဲ့သကဲ့သို့ ငါ့ ထံသို့ မုချ ရောက်လာစေခဲ့ပြီ၊ အမှန်မှာ သင်တို့အတွက် ကတိတော်ကို ငါ စီစဉ်မည် မဟုတ်ဟု သင်တို့ ရပ်တည်ပြောဆိုခဲ့ကြ၏။" |
| ၄၉။<br><br>မှတ်<br>တမ်း၌ | **وَوُضِعَ الْكِتَابُ فَتَرَى الْمُجْرِمِينَ مُشْفِقِينَ مِمَّا فِيهِ وَيَقُولُونَ يَا وَيْلَتَنَا مَالِ هَذَا الْكِتَابِ لَا يُغَادِرُ صَغِيرَةً وَلَا كَبِيرَةً إِلَّا أَحْصَاهَا وَوَجَدُوا مَا عَمِلُوا حَاضِرًا وَلَا يَظْلِمُ رَبُّكَ أَحَدًا۞**<br>မှတ်တမ်းကို ချထားပေး၏၊ ရာဇဝတ်ကောင်များမှာ **ထို၌** ရှိသည်ကို စိုးထိတ်နေကြ၍၊ "ကျွန်ုပ်တို့များနယ်– ဤသည်ကြီး ငယ်မဟူ အမှတ်စဉ် ချွင်းချန်မရှိသော မှတ်တမ်းဖြစ်၏၊"ဟု ညီးတွားကြသည်ကို သင် မြင်ရတွံ့။ သူတို့ ကျင့်ကြံခဲ့သမျှ သူတို့အတွက် အသင့်ဖြစ်နေသည်ကို တွေ့ရလတ္တံ့၊ သင့်ကံကြမ္မာရှင်သည် တစ်စုံတစ်ယောက်ကိုမှ အဝိဇ္ဇာသင့်စေခဲ့သည် မဟုတ်ချေ။ |
| ၅၀။<br><br>✡၂:၃၄<br>☆<br>၆:၁၀၀ | **وَإِذْ قُلْنَا لِلْمَلَائِكَةِ اسْجُدُوا لِآدَمَ فَسَجَدُوا إِلَّا إِبْلِيسَ كَانَ مِنَ الْجِنِّ فَفَسَقَ عَنْ أَمْرِ رَبِّهِ أَفَتَتَّخِذُونَهُ وَذُرِّيَّتَهُ أَوْلِيَاءَ مِن دُونِي وَهُمْ لَكُمْ عَدُوٌّ بِئْسَ لِلظَّالِمِينَ بَدَلًا۞**<br>ငါက နိမိတ်ဆောင်တို့အား "အာဒံကို ဦးချလော့၊"ဟု မိန့်သော်၊ ဦးချကြကုန်၏။ သို့သော် ရှေးရိုးစွဲသည်✡ မပါ။ သူသည် ပုတုဇဉ်များမှ☆ ဖြစ်၍၊ ကံကြမ္မာရှင်၏ ညွှန်ကြားချက်နှင့် စပ်လျှဉ်း၍ ယုတ်မာ၏၊ သင်သည် ငါ မှလွဲ၍ သူနှင့်သူ့သားမြေးများကို မဟာမိတ် အဖြစ် ယူမှတ်ကြမည်လော၊ သူတို့သည် သင်တို့အား စည်းဖေါက်သူများ မဟုတ်လော၊ အမိုက်ကောင်များ အတွက်– လဲလှယ်မှုသည် အမင်္ဂလာပင် ဖြစ်၏။ |
| ၅၁။ | **مَا أَشْهَدتُّهُمْ خَلْقَ السَّمَاوَاتِ وَالْأَرْضِ وَلَا خَلْقَ أَنفُسِهِمْ وَمَا كُنتُ مُتَّخِذَ الْمُضِلِّينَ عَضُدًا۞**<br>ငါက မိုးများနှင့် မြေအား ဖြစ်တည်စေရာ၌၊ သူတို့၏ စရိုက်အား ဖြစ်တည်စေရာ၌၊ သူတို့ကို သက်သေများ ဖြစ်စေသည် မဟုတ်ချေ။ လမ်းလွဲစေသူများအား လက်ရုံးများ အဖြစ်လည်း ယူမှတ်ခဲ့ခြင်း မရှိချေ။ |
| ၅၂။ | **وَيَوْمَ يَقُولُ نَادُوا شُرَكَائِيَ الَّذِينَ زَعَمْتُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيبُوا لَهُمْ وَجَعَلْنَا بَيْنَهُم مَّوْبِقًا۞**<br>အရှင်က "ငါနှင့် ရောပြွန်းကိုးကွယ်ရာဟု သင်တို့ ရပ်တည်ပြောဆိုခဲ့သော သူများထံ အော်တောင်းကြလော့၊"ဟု ဆိုသော နေ့ကာလ၌ သူတို့သည် ဆုတောင်းကြလိမ့်မည်၊ သို့သော် သူတို့အား တုန့်ပြန်လိမ့်မည် မဟုတ်ချေ။ ငါသည် သူတို့၏ ကြား၌ တားဆီးကာရံမှု စီစဉ်ထားတော်မူလတ္တံ့။ |
| ၅၃။ | **وَرَأَى الْمُجْرِمُونَ النَّارَ فَظَنُّوا أَنَّهُم مُّوَاقِعُوهَا وَلَمْ يَجِدُوا عَنْهَا مَصْرِفًا۞**<br>ရာဇဝတ်ကောင်များသည် အပူမီးကို မြင်တွေ့ရ၍၊ ထို၌ တည်နေရမည်ဟု စဉ်းစားနေ၏၊ ထိုမှ ဘက်ပြန်ပြေးနိုင်ခြင်းကို တွေ့ရမည် မဟုတ်ချေ။ |
| ၅၄။<br>☆<br>၁၇:၈၉ | **وَلَقَدْ صَرَّفْنَا فِي هَذَا الْقُرْآنِ لِلنَّاسِ مِن كُلِّ مَثَلٍ وَكَانَ الْإِنسَانُ أَكْثَرَ شَيْءٍ جَدَلًا۞**<br>မုချပင်၊ ငါသည် လူသားများအတွက် ဤကုရ်အာန်ကျမ်းတော်၌ ဥပမာ ကိုယ်စီဖြင့် ထပ်ပြန်တလဲလဲရှင်းပြ၏၊☆ သို့သော် လူသားသည် များစွာသော အရာများ၌ အကြီးအကျယ် စောဒကတက်၏။ |
| ၅၅။ | **وَمَا مَنَعَ النَّاسَ أَن يُؤْمِنُوا إِذْ جَاءَهُمُ الْهُدَى وَيَسْتَغْفِرُوا رَبَّهُمْ إِلَّا أَن تَأْتِيَهُمْ سُنَّةُ الْأَوَّلِينَ أَوْ يَأْتِيَهُمُ الْعَذَابُ قُبُلًا۞**<br>သူတို့ထံသို့ လမ်းညွှန်တရား ရောက်လာသောအခါ၊ သူတို့၏ ကံကြမ္မာရှင်ထံ၌ လွတ်ငြိမ်းဆုပန်ခြင်းမှ–၊ ယုံကြည်ခြင်းမှ လူသားအား ဟန့်တားခံနေရသည်မှာ၊ သူတို့၏ ရှေးဟောင်း ဓလေ့များကို ယူလာခြင်းကြောင့်၊ သို့မဟုတ် ဝဋ်ကြွေးကို ရှေ့ဆိုင်တိုး ယူလိုခြင်းကြောင့် ဖြစ်၏။ |

| | |
|---|---|
| ၅၆။<br><br>☆ ၆း၃၃ | وَمَا نُرْسِلُ الْمُرْسَلِينَ إِلَّا مُبَشِّرِينَ وَمُنذِرِينَ وَيُجَادِلُ الَّذِينَ كَفَرُوا بِالْبَاطِلِ لِيُدْحِضُوا بِهِ الْحَقَّ وَاتَّخَذُوا آيَاتِي وَمَا أُنذِرُوا هُزُوًا ۝<br>ငါသည် ဥာဏ်စဉ်ဆောင်များကို သတင်းပေးသူ၊ သတိပေးသူများ အဖြစ်ဖြင့်သာ စေစားတော်မူ၏၊☆ ဖုံးကွယ်သော သူတို့သည် သစ္စာတရားကို မိစ္ဆာတရားဖြင့် စောဒကတက် တိုက်ခိုက်၏။ ငါ၏ သုတ်ဒေသနာများနှင့် သတိပေးချက်များ ကို လှောင်ပြောင်စရာဟု ယူမှတ်ကြ၏။ |
| ၅၇။ | وَمَنْ أَظْلَمُ مِمَّن ذُكِّرَ بِآيَاتِ رَبِّهِ فَأَعْرَضَ عَنْهَا وَنَسِيَ مَا قَدَّمَتْ يَدَاهُ إِنَّا جَعَلْنَا عَلَى قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِي آذَانِهِمْ وَقْرًا وَإِن تَدْعُهُمْ إِلَى الْهُدَى فَلَن يَهْتَدُوا إِذًا أَبَدًا ۝<br>ကံကြမ္မာရှင်၏ သုတ်ဒေသနာများကို သတိဖေါ်ပေးခံရပြီး ၎င်းကို ဘောင်ကန့်ထားသူ၊ သူ့လက်များက မည်သည်အား စုံရပ်ခံလျှက် မေ့ပျောက်နေသူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း။ မှတ်သားလော့ သူတို့၏ နှလုံးသား၌ ကွယ်ကာမှုနှင့်၊ သူတို့၏ နားများ လေးလျှက် နားမလည်ခြင်းကို ငါ စီစဉ်ထားပြီ။ သူတို့အား လမ်းညွှန်တော် ဘက်သို့ ဖိတ်ခေါ်သော်လည်း မည်သည့်အခါမှ လမ်းညွှန်ရမည် မဟုတ်ချေ။ |
| ၅၈။ | وَرَبُّكَ الْغَفُورُ ذُو الرَّحْمَةِ لَوْ يُؤَاخِذُهُم بِمَا كَسَبُوا لَعَجَّلَ لَهُمُ الْعَذَابَ بَل لَّهُم مَّوْعِدٌ لَّن يَجِدُوا مِن دُونِهِ مَوْئِلًا ۝<br>သင့်ကံကြမ္မာရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ ကရုဏာတော် အရှင် ဖြစ်၏၊ သူတို့၏ ကျင့်ဆောင်မှုများကြောင့် သူတို့အား အရေးယူခဲ့လျှင်၊ သူတို့၏ ဝဋ်ကြွေးအတွက် သူတို့အား အလျှင်မြန်ပြီးဖြစ်လတ္တံ့။ အမှန်မှာ သူတို့အတွက် ကတိချိန်ရှိ၏။ ထို မှလွဲ၍ ထွက်ပြေးလွတ်မြောက်ရာကို တွေ့ရမည် မဟုတ်ချေ။ |
| ၅၉။ | وَتِلْكَ الْقُرَى أَهْلَكْنَاهُمْ لَمَّا ظَلَمُوا وَجَعَلْنَا لِمَهْلِكِهِم مَّوْعِدًا ۝<br>သူတို့ အမိုက်စီးနေစဉ်တွင် ငါသည် ဤဒေသများကို တိမ်ကောစေခဲ့ပြီ။ သူတို့၏ တိမ်ကောချိန်ကို ငါ စီစဉ် ကတိထားပြီး ဖြစ်၏။ |
| ၆၀။ | وَإِذْ قَالَ مُوسَى لِفَتَاهُ لَا أَبْرَحُ حَتَّى أَبْلُغَ مَجْمَعَ الْبَحْرَيْنِ أَوْ أَمْضِيَ حُقُبًا ۝<br>မူဆာက သူ၏ လုလင်အား "ကျွန်ုပ်သည် ရောက်ရန် မည်မျှကြာသည် ဖြစ်စေ၊ မြစ်နှစ်စင်းဆုံရာသို့ မရောက်မချင်း ကြာမြင့်စွာ ခရီးဆက်နေမည်"ဟု ဆို၏။[၆၅၆] |
| ၆၁။ | فَلَمَّا بَلَغَا مَجْمَعَ بَيْنِهِمَا نَسِيَا حُوتَهُمَا فَاتَّخَذَ سَبِيلَهُ فِي الْبَحْرِ سَرَبًا ۝<br>သူတို့သည် ထိုနှစ်ခုဆုံရာသို့ ရောက်သောအခါ၊ သူတို့၏ ငါးကို မေ့နေကြ၏။ ၎င်းသည် မြစ်ထဲ၌ သူ့လမ်းကို ရယူ၍ လှစ်ကနဲထွက်ပြေးသွား၏။ |
| ၆၂။ | فَلَمَّا جَاوَزَا قَالَ لِفَتَاهُ آتِنَا غَدَاءَنَا لَقَدْ لَقِينَا مِن سَفَرِنَا هَذَا نَصَبًا ۝<br>သူတို့ မြစ်ကိုဖြတ်ကျော်ပြီးနောက်၊ သူက သူ့လုလင်အား၊ "မနက်စာကို ကျွန်ုပ်တို့ထံသို့ ပေးလော့၊ ဤ ဆုံရသော လမ်းခရီးသည် ကျွန်ုပ်တို့အား အတော်ပန်းစေ၏၊"ဟု ပြောဆိုသော်၊ |

(၆၅၆) ဤသုတ်တော်သည် ကိုယ်တော်မူဆာ၏ လူရွှယ်ဘဝ ပညာရှာရန် သွားသော ခရီးစဉ်ကို ဖေါ်ပြပေသည်။ ထိုအကြောင်းအရာကို သမ္မာကျမ်းစာနှင့် ဂျူးကျမ်းစာများတွင် ဖေါ်ပြထားခြင်း မရှိချေ။ မြစ်နှစ်ခုဆုံရာ အရပ်ဆိုသည်မှာ အီသီယိုပီးယား နိုင်ငံ ခါတွန်ဒေသ ဖြစ်၍၊ နိုင်းလ်မြစ်နှင့် ခါတွန်မြစ်တို့ ဆုံရာဒေသ ဖြစ်ပေသည်။ ထိုစဉ်က အီသီယိုပီးယားသည် အီဂျစ်နိုင်ငံ၏ တောင်ပိုင်းနှင့် ဆက်စပ်လျှက် ရှိခဲ့ပေသည်။ ဂျူး–ဗဟုသုတ ဟင်းလေးအိုးကြီးစာအုပ်တွင် ကိုယ်တော်မူဆာသည် ထိုဒေသသို့ ခရီးသွားခဲ့ကြောင်း– မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။ ကိုယ်တော်သည် ထိုအရပ်ဒေ၌ အိမ်ထောင်ကျခဲ့ပေသည်။ ထိုမိန်းမနှင့် လက်ထပ်ယူသောကြောင့် ကိုယ်တော်မူဆာသည် အပြစ်တင်ခံရကြောင်းကို ဓမ္မဟောင်းကျမ်း တောလည်ရာ ၁၂း၁ တွင် တွေ့ရပေသည်။

| | |
|---|---|
| ၆၃။ | **قَالَ أَرَأَيْتَ إِذْ أَوَيْنَا إِلَى الصَّخْرَةِ فَإِنِّي نَسِيتُ الْحُوتَ وَمَا أَنسَانِيهُ إِلَّا الشَّيْطَانُ أَنْ أَذْكُرَهُ وَاتَّخَذَ سَبِيلَهُ فِي الْبَحْرِ عَجَبًا** ۞<br>သူက "အသင် မြင်ယောင်မိပါသလော၊ ကျွန်ုပ်တို့သည် ကျောက်တုံးပေါ်၌ ခိုနားစဉ်၊ ကျွန်ုပ်သည် ငါးကို မေ့သွား၏၊ မကောင်းဆိုးဝါးက ကျွန်ုပ်အား သတိပေါ်ပေးရန် မေ့နေစေပါ၏၊ ၎င်းသည် မြစ်ထဲ၌ သူ့လမ်းကို ရယူသွားပါပြီ၊ အံ့သြလောက်ပါ၏၊"ဟု ပြန်ပြော၏။[၆၅၇] |
| ၆၄။ | **قَالَ ذَلِكَ مَا كُنَّا نَبْغِ فَارْتَدَّا عَلَى آثَارِهِمَا قَصَصًا** ۞<br>သူက ဤသည် ကျွန်ုပ်တို့ ရှာဖွေသည့်လမ်း ဖြစ်သည်ဟု ဆို၍၊ ဖေါ်ပြသည့် ခြေရာအတိုင်းလိုက်ခဲ့ကြ၏။ |
| ၆၅။ | **فَوَجَدَا عَبْدًا مِّنْ عِبَادِنَا آتَيْنَاهُ رَحْمَةً مِنْ عِندِنَا وَعَلَّمْنَاهُ مِن لَّدُنَّا عِلْمًا** ۞<br>သို့ဖြင့် သူတို့သည် ငါ့ထံပါး၌ ကရုဏာ သက်ခံရသူ၊ ငါ့ထံတော်မှ အသိပညာအားဖြင့် ပညာအလင်း ချီးမြှင့်ခံရသူ ဖြစ်သော ငါ့ အမှုတော်ဆောင် တစ်ဦးအား တွေ့ရ၏။ |
| ၆၆။ | **قَالَ لَهُ مُوسَى هَلْ أَتَّبِعُكَ عَلَى أَن تُعَلِّمَنِ مِمَّا عُلِّمْتَ رُشْدًا** ۞<br>မူဆာက သူ့အား "အသင် သင်ကြားခံရသည်များမှ ဖြောင့်မတ်မှုကို ကျွန်ုပ်အား ပြန်သင်ပေးအံ့ငှာ သင့်နောက်သို့ လိုက်ခွင့်ပြုပါ၊"ဟု တောင်းဆိုသော်၊ |
| ၆၇။<br>ထို<br>ပုဂ္ဂိုလ် | **قَالَ إِنَّكَ لَن تَسْتَطِيعَ مَعِيَ صَبْرًا** ۞<br>**သူ**က ပြန်ပြောသည်မှာ "သင်သည် ကျွန်ုပ်အား သည်းခံရန် တတ်နိုင်မည် မဟုတ်ချေ– |
| ၆၈။ | **وَكَيْفَ تَصْبِرُ عَلَى مَا لَمْ تُحِطْ بِهِ خُبْرًا** ۞<br>သင် သတင်းအသိဂျပ်ပိတ်သော အရာကို မည်သို့ သည်းခံနိုင်အံ့နည်း၊"ဟု ဖြစ်၏။ |
| ၆၉။<br>မူဆာ | **قَالَ سَتَجِدُنِي إِن شَاءَ اللَّهُ صَابِرًا وَلَا أَعْصِي لَكَ أَمْرًا** ۞<br>**သူ**က "ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီလျှင် သည်းခံခြင်းတရားကို ကျွန်ုပ်ထံ၌ တွေ့ရလိမ့်မည်၊ သင့် ညွှန်ကြားချက်ကို ကျွန်ုပ် အာခံမည် မဟုတ်ချေ၊"ဟု ပြန်ပြောသောအခါ။ |
| ၇၀။<br>ထို<br>ပုဂ္ဂိုလ် | **قَالَ فَإِنِ اتَّبَعْتَنِي فَلَا تَسْأَلْنِي عَن شَيْءٍ حَتَّى أُحْدِثَ لَكَ مِنْهُ ذِكْرًا** ۞<br>**သူ**က "ကျွန်ုပ်နောက်သို့ လိုက်လျှင် မည်သည့်အရာကိုမှ ကျွန်ုပ်က သင့်အား သတိပေါ် မဆင့်ပြန်ပေးသ၍၊ မေးခွန်း မထုတ်နှင့်၊"ဟု ပြော၍။ |
| ၇၁။<br>မူဆာ | **فَانطَلَقَا حَتَّى إِذَا رَكِبَا فِي السَّفِينَةِ خَرَقَهَا قَالَ أَخَرَقْتَهَا لِتُغْرِقَ أَهْلَهَا لَقَدْ جِئْتَ شَيْئًا إِمْرًا** ۞<br>သူတို့ ထွက်ခွာခဲ့ကြရာ၊ သင်္ဘောကုန်းပတ်၌ ရှိစဉ်၊ ၎င်းကို ဖေါက်သောအခါ၊ **သူ**က "သင်သည် သင်္ဘောရှိ သူများ နစ်မြုပ်စေရန် အပေါက်ဖေါက်သလော၊ ကေန်ပင် သင့် စီမံချက် အရာကို ရောက်လာစေပြီ၊"ဟု ဆိုသော်။ |
| ၇၂။<br>ထို<br>ပုဂ္ဂိုလ် | **قَالَ أَلَمْ أَقُلْ إِنَّكَ لَن تَسْتَطِيعَ مَعِيَ صَبْرًا** ۞<br>**သူ**က "သင်သည် ကျွန်ုပ်အား သည်းခံရန် တတ်နိုင်မည် မဟုတ် ဟု ကျွန်ုပ်မပြောခဲ့သလော၊"ဟု ဆို၏။ |

---

**(၆၅၇)** ကိုယ်တော်မူဆာတို့၌ ရှိသော ငါးသည် "ကင်ထားသောငါး၊"ဟု အချို့ဆရာတော်ကြီးများ၏ ပြောဆိုရေးသားမှုသည် လုံးဝ မှားယွင်းပေသည်။ ထို့အတွက် ခိုင်လုံသော အစ္စလာမ်ကျမ်းဟူ၍ မရှိချေ။ ထို့ပြင် ဤသုတ်တော်မှ မကောင်းဆိုးဝါး ဆိုသည်မှာ နာနာဘာဝ မဟုတ်ချေ။ ကိုယ်တော်မူဆာ ခေါ်လာသော လုလင်က သူ့စိတ်၏ မေ့လျော့ခြင်းကို သူ့ကိုယ်သူ ပြောခြင်း ဖြစ်၍။ အံ့သြလောက်ပါ၏ ဆိုသည်မှာ ငါးလွတ်သွားကြောင်းကို ကိုယ်တော် မူဆာအား ပြောဆိုရန် မေ့နေသည့်အတွက် သူ့ကိုယ်သူ အံ့သြခြင်းသာ ဖြစ်ပေသည်။

| | |
|---|---|
| ၇၃။<br>မူဆာ | **قَالَ لَا تُؤَاخِذْنِي بِمَا نَسِيتُ وَلَا تُرْهِقْنِي مِنْ أَمْرِي عُسْرًا** ۞<br>**သူက** "ကျွန်ုပ်၏ မေ့နေမှုအတွက် အရေးမယူပါနှင့်၊ ကျွန်ုပ်၏ အစီအမံကြောင့် မခက်ခဲစေပါနှင့်၊"ဟု တောင်းပန်၏။ |
| ၇၄။ | **فَانطَلَقَا حَتَّى إِذَا لَقِيَا غُلَامًا فَقَتَلَهُ قَالَ أَقَتَلْتَ نَفْسًا زَكِيَّةً بِغَيْرِ نَفْسٍ لَّقَدْ جِئْتَ شَيْئًا نُّكْرًا** ۞<br>ထွက်ခွာခဲ့ပြန်ရာ၊ ကလေးတစ်ယောက်ကို တွေ့ပြီး၊ သူ သတ်လိုက်သောအခါ၊ "အခြား ဉာဉ်တစ်ခုအစား သန့်ရှင်းဖြူစင်သော ဉာဉ်တစ်ခုကို သင် သတ်လိုက်၏၊ မကြုံဘူးသည့် အရာကို သင် ရောက်လာစေပြန်ပြီ၊"ဟု ပြော၏၊ |
| ၇၅။<br>ထို<br>ပုဂ္ဂိုလ် | **قَالَ أَلَمْ أَقُل لَّكَ إِنَّكَ لَن تَسْتَطِيعَ مَعِيَ صَبْرًا** ۞<br>**သူ**က "သင်သည် ကျွန်ုပ်အား သည်းခံရန် တတ်နိုင်မည် မဟုတ် ဟု ကျွန်ုပ်မပြောခဲ့သလော၊"ဟု ဆို၏။ |
| ၇၆။<br>မူဆာ | **قَالَ إِن سَأَلْتُكَ عَن شَيْءٍ بَعْدَهَا فَلَا تُصَاحِبْنِي قَدْ بَلَغْتَ مِن لَّدُنِّي عُذْرًا** ۞<br>**သူက** "ဤနောက်တွင် သင့်အား တစ်စုံတစ်ရာ မေးမိပါလျှင် ကျွန်ုပ်ကို အဖော်ပြုရန်မလိုပြီ၊ ကျွန်ုပ်ထံမှ ခွင့်ပြုချက် ဆိုက်ရောက်လေပြီ၊"ဟု ဆို၏။ |
| ၇၇။<br>မူဆာ | **فَانطَلَقَا حَتَّى إِذَا أَتَيَا أَهْلَ قَرْيَةٍ اسْتَطْعَمَا أَهْلَهَا فَأَبَوْا أَن يُضَيِّفُوهُمَا فَوَجَدَا فِيهَا جِدَارًا يُرِيدُ أَنْ يَنقَضَّ فَأَقَامَهُ قَالَ لَوْ شِئْتَ لَاتَّخَذْتَ عَلَيْهِ أَجْرًا** ۞<br>ထွက်ခွာခဲ့ကြပြန်ရာ အရပ်ဒေသသားတို့ထံ ဆိုက်ရောက်လာ၍၊ သူတို့အတွက် ထိုအရပ်သားတို့ထံမှ အစားအစာကို တောင်းကြသော်လည်း သူတို့က လက်မခံ၊ ဧည့်ဝတ်မကျေကြချေ။ ထို၌ ပြိုလုဆဲဆဲ အုပ်တံတိုင်းကို တွေ့၍၊ သူသည် ၎င်းကို တည်မြဲရန်ပြုလိုသဖြင့်၊ **သူက** "သင် စံချိန်ပြည့်ခဲ့သော် ထို့အတွက် အကျိုးဆုလဒ် ယူနိုင်၏၊"ဟု ပြောသော်၊ |
| ၇၈။ | **قَالَ هَذَا فِرَاقُ بَيْنِي وَبَيْنِكَ سَأُنَبِّئُكَ بِتَأْوِيلِ مَا لَمْ تَسْتَطِع عَّلَيْهِ صَبْرًا** ۞<br>သူက "သင်နှင့် ကျွန်ုပ်အကြား ဤ၌ ခွဲခြားသွားပေပြီ။ သို့သော် သင် သည်းခံရန် တတ်နိုင်သည် မဟုတ်သော သတင်းကို ကျွန်ုပ် ဖွင့်ဆိုရှင်းပြပေအံ့၊"ဟု ဆို၍။ |
| ၇၉။ | **أَمَّا السَّفِينَةُ فَكَانَتْ لِمَسَاكِينَ يَعْمَلُونَ فِي الْبَحْرِ فَأَرَدتُّ أَنْ أَعِيبَهَا وَكَانَ وَرَاءهُم مَّلِكٌ يَأْخُذُ كُلَّ سَفِينَةٍ غَصْبًا** ۞<br>သင်္ဘောအကြောင်းမှာမူ ၎င်းသည် မြစ်ပြင်၌ ကျင့်ကြံကျက်စားရသော နွမ်းပါးသူ ပိုင် ဖြစ်၏၊ ၎င်းကို ကျွန်ုပ် ပေါက်ကျလိုခြင်းမှာ သူတို့၏ နောက်ကွယ်၌ ဘုရင်တစ်ပါးရှိ၍ သူသည် လှေသင်္ဘောတိုင်းကို အတင်းအဓမ္မ သိမ်းပိုက်သောကြောင့် ဖြစ်၏။ |
| ၈၀။ | **وَأَمَّا الْغُلَامُ فَكَانَ أَبَوَاهُ مُؤْمِنَيْنِ فَخَشِينَا أَن يُرْهِقَهُمَا طُغْيَانًا وَكُفْرًا** ۞<br>ကလေးအကြောင်းမူကား သူ့မိဘများသည် ယုံကြည်သူများဖြစ်၏၊ သူ၏ စည်းဖျက်မှုကြောင့်– ဖုံးကွယ် လိမ်ညာမှုကြောင့် သူတို့အား ဖိစီးခံရမည်ကို ကျွန်ုပ် စိုးရိမ်၏။ |
| ၈၁၊ | **فَأَرَدْنَا أَن يُبْدِلَهُمَا رَبُّهُمَا خَيْرًا مِّنْهُ زَكَاةً وَأَقْرَبَ رُحْمًا** ۞<br>သူတို့အတွက် သူ့ထက် သန့်ရှင်းဖြူစင်သော ကရုဏာစိတ်နှင့် နီးကပ်သော ပိုမိုကောင်းမြတ်သည့် သူကို သူ့နေရာတွင် ကျွန်ုပ် ပြောင်းလွှဲစေလို၏။ |
| ၈၂။ | **وَأَمَّا الْجِدَارُ فَكَانَ لِغُلَامَيْنِ يَتِيمَيْنِ فِي الْمَدِينَةِ وَكَانَ تَحْتَهُ كَنزٌ لَّهُمَا وَكَانَ أَبُوهُمَا صَالِحًا فَأَرَادَ رَبُّكَ أَنْ يَبْلُغَا أَشُدَّهُمَا وَيَسْتَخْرِجَا كَنزَهُمَا رَحْمَةً مِّن رَّبِّكَ وَمَا فَعَلْتُهُ عَنْ أَمْرِي ذَلِكَ تَأْوِيلُ مَا لَمْ تَسْطِع عَّلَيْهِ** |

| | |
|---|---|
| | **صَبْرًا**۞<br>အုပ်တံတိုင်းမှာမူ၊ ၎င်းသည် မြို့တွင်းရှိ မိဘမဲ့ ကလေးနှစ်ယောက်ပိုင် ဖြစ်၏။ ၎င်း၏အောက်၌ သူတို့ပိုင် ရတနာသိုက် ရှိ၏၊ သူတို့၏ ဖခင်မှာ ပြုပြင်ပြောင်းလဲသူ ဖြစ်၏။ ကံကြမ္မာရှင်သည် သူတို့အား အရွယ်ရောက် ရင့်ကျက်လာ လျှက် သူတို့၏ ရတနာအား ကံကြမ္မာရှင်၏ ကရုဏာတော်အားဖြင့် ဖော်ယူနိုင်သည်ကို လိုလား၏။ ကျွန်ုပ်သည် ၎င်းကို ကျွန်ုပ်၏စိမံချက်ဖြင့် ပြုလုပ်သည် မဟုတ်၊ ဤသည် သင် သည်းခံရန် တတ်နိုင်သည် မဟုတ်သော အကြောင်းတို့ အတွက် ဖွင့်ဆို ရှင်းပြမှုပင်ဖြစ်၏။ |
| ၈၃။ | **وَيَسْأَلُونَكَ عَن ذِي الْقَرْنَيْنِ قُلْ سَأَتْلُو عَلَيْكُم مِّنْهُ ذِكْرًا**۞<br>သင့်ထံ၌ **ကာရ်နိုင်မင်း** နှင့်စပ်လျှဉ်း၍ မေးသူတို့အား၊ "သူ့အကြောင်းကို သင်တို့အား သတိပေါ် ရွတ်ပြပေအံ့၊"ဟု ဆို၍၊[၆၅၈] |
| ၈၄။<br>မဟာ<br>မိတ် | **إِنَّا مَكَّنَّا لَهُ فِي الْأَرْضِ وَآتَيْنَاهُ مِن كُلِّ شَيْءٍ سَبَبًا**۞<br>ငါသည် သူ့အား မြေကမ္ဘာ၌ တည်ထောင်စေ၍၊ သဗ္ဗလုံးစုံမှ **နှောင်ဖွဲ့မှု**ကို ပေးအပ်သော်၊ |
| ၈၅။ | **فَأَتْبَعَ سَبَبًا**۞<br>သူသည် နှောင်ဖွဲ့လမ်းကို လိုက်၏။ |
| ၈၆။<br>Black<br>Sea | **حَتَّى إِذَا بَلَغَ مَغْرِبَ الشَّمْسِ وَجَدَهَا تَغْرُبُ فِي عَيْنٍ حَمِئَةٍ وَوَجَدَ عِندَهَا قَوْمًا قُلْنَا يَا ذَا الْقَرْنَيْنِ إِمَّا أَن تُعَذِّبَ وَإِمَّا أَن تَتَّخِذَ فِيهِمْ حُسْنًا**۞<br>သူသည် နေ၏ ဝင်ရာသို့ ရောက်သော် **ပင်လယ်နက်**ထဲသို့[၆၅၉] နေဝင်သည်ကို သူတွေ့ရ၏၊ ထို၌ လူတစ်မျိုးကိုလည်း တွေ့ရ၍၊ ငါက "အေ– မင်းကြီး ကာရ်နိုင်၊ သင်သည် ပြစ်ဒဏ်ပေးခြင်းကို ဖြစ်စေ သို့မဟုတ် သူတို့မှ တင့်တယ်သော အရာကို ဖြစ်စေ ယူခွင့်ရပြီ၊"ဟု မိန့်၏။ |
| ၈၇။ | **قَالَ أَمَّا مَن ظَلَمَ فَسَوْفَ نُعَذِّبُهُ ثُمَّ يُرَدُّ إِلَى رَبِّهِ فَيُعَذِّبُهُ عَذَابًا نُّكْرًا**۞<br>သူ ပြောသည်မှာ "မိုက်မဲသူများ အတွက်မူ ကျွန်ုပ် ပြစ်ဒဏ်ပေးမည်၊ ထို့နောက် သူတို့အား သူ့ကံကြမ္မာရှင်ထံသို့ ပြန်လှည့် စေမည်၊ သူ့အား မကြုံဘူးသည့် ပြစ်ဒဏ်ဖြင့် ပြစ်ဒဏ်ပေးလေလတ္တံ့၊– |
| ၈၈။ | **وَأَمَّا مَنْ آمَنَ وَعَمِلَ صَالِحًا فَلَهُ جَزَاءِ الْحُسْنَى وَسَنَقُولُ لَهُ مِنْ أَمْرِنَا يُسْرًا**۞<br>ယုံကြည်လျှက် ပြုပြင်ပြောင်းလဲမှုအား ကျင့်ကြံသူအတွက်မူ တင့်တယ်သော အစားပေးမှုရှိ၍၊ ကျွန်ုပ်တို့ထံမှ လွယ်ကူသော စီမံချက်များကို ပြောပြပါမည်၊"ဟု ဖြစ်၏။ |

---

(၆၅၈) အာရ်ဗီဝေါဟာရ **သူ** ဆိုသည်မှာ ပိုင်ရှင်၊ အရှင်၊ ပြည့်ရှင် ဟု ဖြစ်၍၊ **ကရန်း** ဆိုသည်မှာ ရာစုတစ်ခု မျိုးဆက်ကို ရည်ညွှန်းသော ဦးချိုကို ခေါ်၍၊ **ကာရ်နိုင်း** ရာစုနှစ်ခု မျိုးဆက်နှစ်ဆက်ကို ရည်ညွှန်းသော ဦးချိုနှစ်ခုကို ဆိုပေသည်။ သမ္မာကျမ်းစာတွင် တမန်တော် ဒံယေလ၏ မြင်ကွင်း အာရုံ ဖြစ်သည့် မီဒီယာနှင့် ပါရှား အင်ပါယာ နှစ်ခု၏ ပြည့်ရှင် ဦးချိုနှစ်လုံး ပိုင်ရှင်ဟု ဖေါ်ပြထားပေသည်၊ (ဒံယေလ–၈း၃။ ၈း၂၀)။ သို့သော် သမ္မာကျမ်းတွင် အင်ပါယာ နှစ်ခုအား အုပ်ချုပ်မှု တစ်ခုတည်း အောက်တွင် ထား၍ အုပ်ချုပ်သော **သူရိယာ့စ်** ကို **ကုရုမင်း**ဟု လွဲမှားစွာ ခေါ်တွင်ထား ပေသည်၊ (သမ္မာကျမ်းဆိုင်ရာ ဗဟုသုတဟင်းလေးအိုးကြီး၊ ရေဝတီ ဗဟုသုတဟင်းလေးအိုးကြီး– သူရိယာ့စ်)၊ ဒံယေလ၏ ရူပါရုံ မြင်ကွင်းမှာ **ကုရုမင်း** မဟုတ်ချေ၊ သူရိယာ့စ်–၁ (ဘီစီ ၅၂၁–၄၈၄) သာဖြစ်ကြောင်း အဆိုပါ သုတေသန စာအုပ်များတွင် ဖေါ်ပြထားပေသည်။ ထို့ကြောင့် သူကာရ်နိုင် ဆိုသည်မှာ သူရိယာ့စ် –၁ ကို ရည်ညွှန်းပေသည်။

(၆၅၉) ထိုမင်းကြီး၏ အင်ပါယာမှာ အနောက်ဘက် (နေဝင်ရာဘက်သို့) ပင်လယ်နက် Blcak Sea ထိ ပိုင်ဆိုင်ပေသည်။ ဤနေရာ၌ ပင်လယ်နက် ဆိုသည်မှာ အာရ်ဗီစကား **အိုင်းနင် ဟမီးအတ် حَمِئَةٍ عَيْنٍ** ကို တိုက်ရိုက်ပြန်ဆိုခြင်း ဖြစ်ပေသည်။ **အိုင်းနင် عَيْنٍ** ၏ အနက်မှာ **များစွာသော ရေထု** ဟု ဖြစ်၍၊ **ဟမီးအတ် حَمِئَةٍ** ဆိုသည်မှာ အမည်း အနက်ရောင် ရှိသော **အောက်ခံ ရွှံ့မြေ**ဟု ဖြစ်ပေသည်။

| | |
|---|---|
| ၈၉။ | **ثُمَّ أَتْبَعَ سَبَبًا ۞**<br>ထို့နောက် သူသည် နောင်ဖွဲ့လမ်းတစ်ခုကို လိုက်ပြန်၏။ |
| ၉၀။ | **حَتَّى إِذَا بَلَغَ مَطْلِعَ الشَّمْسِ وَجَدَهَا تَطْلُعُ عَلَى قَوْمٍ لَّمْ نَجْعَل لَّهُم مِّن دُونِهَا سِتْرًا ۞**<br>သူသည် နေ၏ ထွက်လာရာ အရပ်သို့ ရောက်လာသော်၊ ထိုနေပူကို ပုန်းကွယ်ရန် ငါအရှင် စီစဉ်ပေးမထားသော လူမျိုးတစ်မျိုး အပေါ်မှ နေထွက်လာသည်ကို သူတွေ့ရ၏။[၆၆၀] |
| ၉၁။ | **كَذَلِكَ وَقَدْ أَحَطْنَا بِمَا لَدَيْهِ خُبْرًا ۞**<br>ဤသို့ ငါသည် သူ့ကိုယ်သူ တိုင်ပတ်နေသည့် အရာကို သတင်းသိနေတော်မူ၏။ |
| ၉၂။ | **ثُمَّ أَتْبَعَ سَبَبًا ۞**<br>တဖန် သူသည် အခြား နောင်ဖွဲ့လမ်းသို့ လိုက်ပြန်၏။ |
| ၉၃။ | **حَتَّى إِذَا بَلَغَ بَيْنَ السَّدَّيْنِ وَجَدَ مِن دُونِهِمَا قَوْمًا لَّا يَكَادُونَ يَفْقَهُونَ قَوْلًا ۞**<br>သူသည် တောင်တံတိုင်း နှစ်ခု ကြားသို့ ရောက်သော်၊ လူမျိုးတစ်မျိုးမှ မှလွဲ၍ သဘောပေါက်မှု မနီးစပ်သော သူများကို တွေ့၏။ |
| ၉၄။ | **قَالُوا يَا ذَا الْقَرْنَيْنِ إِنَّ يَأْجُوجَ وَمَأْجُوجَ مُفْسِدُونَ فِي الْأَرْضِ فَهَلْ نَجْعَلُ لَكَ خَرْجًا عَلَى أَن تَجْعَلَ بَيْنَنَا وَبَيْنَهُمْ سَدًّا ۞**<br>သူတို့က "အို– မင်းကြီး ကာရ်နိုင်၊ ဂေါဂ၊ မာဂေါဂတို့သည် မြေကမ္ဘာ၌ အဖျက်ကောင်များ ဖြစ်ကြ၏။ သင့်ထံမှ ကျွန်ုပ်တို့ ခွဲထွတ်ရန် စီစဉ်ရမည်လော သို့မဟုတ် ကျွန်ုပ်တို့ကြား သူတို့ကြား၌ သင် တံတိုင်း တည်ဆောက်ရန် စီစဉ်မည်လော၊" ဟု ပြောကြသော်၊[၆၆၁] |
| ၉၅။<br>တံတိုင်း | **قَالَ مَا مَكَّنِّي فِيهِ رَبِّي خَيْرٌ فَأَعِينُونِي بِقُوَّةٍ أَجْعَلْ بَيْنَكُمْ وَبَيْنَهُمْ رَدْمًا ۞**<br>သူ ပြောသည်မှာ "ကျွန်ုပ်၏ ကံကြမ္မာရှင်က ထူထောင်ပေးခြင်းသည် ပိုမိုကောင်း၏၊ ကျွန်ုပ်အား အလုပ် စွမ်းအား ဖြင့်သာ ပံ့ပိုးပေးပါ၊ သင်တို့၏ကြား သူတို့ကြား၌ **ခိုင်ခန့်သောစည်းရိုး** ကျွန်ုပ် စီစဉ်ပါမည်။– |

**(၆၆၀)** သူကာရ်နိုင် (သူရီယာ့စ်)၏ ခရီးစဉ်း သုံးခုသည် အင်ပါယာ၏ ရှေ့တန်းမျက်နှာစာအား တောင့်တင်းခိုင်မာစေရန် သွားခဲ့ခြင်းဖြစ်၍၊ ပထမ ခရီးစဉ်မှာ အနောက်ဘက်သို့ ပင်လယ်နက် (၈၇)၊ ဒုတိယခရီးမှာ ၎င်းမှ အရှေ့ဘက်သို့ (နေထွက်ရာဘက်သို့) ကက်စပီယန်ပင်လယ်သို့ ဖြစ်သည်၊ ၎င်းကို တတိယခရီးစဉ် ဖြစ်သည့် တံတိုင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည့် တောင်တန်းနှစ်ခုက (၉၃) ညွှန်ပြလျှက် ရှိပေသည်။ သူသည် ထိုတောင် တန်း နှစ်ခုကြားတွင် တံတိုင်း တည်ဆောက်ခဲ့ပေသည်။ ယခု ခရီးစဉ် (အရှေ့ဘက်) တွင် တွေ့ရသော လူမျိုးမှာ နေ၏ အပူကို ကာကွယ်ရန် အိုးအိမ် ဆောက်လုပ်နေထိုင်ခြင်း မရှိသေးသော ကက်စပီယန် ကမ်းခြေရှိ မဖွံ့ဖြိုးသေးသည့် မူလဒေသခံ တိုင်းရင်းသားများကို ဆိုလိုပေသည်။ ဗြိတိသျှ– ဗဟုသု တဟင်းလေးအိုးကြီးစာအုပ်၏ မီဒီယာ (Media)ဟူသော ခေါင်းစီးအောက်တွင် "အဆက်ရီးယာန်း၏ အမည်စရင်း၌ ဖေါ်ပြသော ဇစ်ဂရိုးမှ တိုင်းရင်းသားများနှင့် မီဒီယာမြောက်ပိုင်း ဒေသသားတို့သည် အီရန်လူမျိုး၊ အင်ဒို–ဥရောပ လူမျိုးများ မဟုတ်ချေ၊ အာမေးရီးယာန်းများ ကဲ့သို့ ဒေသခံများ ဖြစ်၍၊ ကော့ကေးရှပ်စ် တိုင်းရင်းသားများနှင့် မြောက်များစွာ ဆက်စပ်လျှက် ရှိပေသည်။ အီရန်၏ အုပ်ချုပ်မှုအာဏာမှာ တဖြေးဖြေး ကျယ်ဝန်းလာလျှက် တိုင်းရင်းသားခေါင်းဆောင်များသည် အီရန်နှင့် မဟာမိတ်ပြုလျှက် အီရန်အမည်ကို ခံယူလာခဲ့သည်။"ဟု ဖေါ်ပြထားပေသည်။

**(၆၆၁)** ဓမ္မဟောင်း ယေဇကျေလ အနာဂတ္တိကျမ်း ၃၈း၂ နှင့် ၃၉း၆ တို့တွင် **မာဂေါဂ** ကို ဒေသ အဖြစ် ဖေါ်ပြ၍၊ သူတို့၏ ခေါင်းဆောင်မှာ **ဂေါဂ** ဖြစ် သည်ဟု ဆိုထားပေသည်။ သို့သော် ကမ္ဘာဦးကျမ်း ၁၀း၂ နှင့် ရာဇဝင်ချုပ် (ပ) ၁း၅ တွင် **မာဂေါဂ** ကို ယာဖက်၏ သားများဖြစ်သော ဂေါမာနှင့် မာဒဲ၏ ကြားမှ ဒုတိယသား အဖြစ် ဖေါ်ပြထားပေသည်။ သူတို့သည် နယ်မြေကိုယ်စီကို အုပ်ချုပ်ခွင့်ရခဲ့ကြောင်း ကမ္ဘာဦးကျမ်း ၁၀း၅ တွင် ဖေါ်ပြထားပေသည်။ ထို့ကြောင့် ယေဇကျေလ ၃၈း၂၊ ၃၉း၆ တွင်ဖေါ်ပြသော ဂေါဂ အုပ်ချုပ်ခွင့်ရသော အရပ် မာဂေါဂ ဆိုသည်မှာ ယခင်က မာဂေါဂ အုပ်ချုပ် ထူထောင်ခဲ့သောကြောင့် ထိုဒေကို မာဂေါဂ ဟု ခေါ်တွင်ခြင်း ဖြစ်ပေသည်။ တောင်တန်းနှစ်ခု ဆိုသည်မှာ အာမေးနီးယန်းတောင်နှင့် အဇာဘိုင်ဂျန် တောင်တန်းတို့ ဖြစ်၍၊ ထိုနှစ်ခုကြားတွင် သူကာရ်ကာနိုင်မင်းသည် တံတိုင်း ဆောက်လုပ်ခဲ့ပေသည်။ ထို့ကြောင့် အချို့သော် မွတ်ဆလင်သမိုင်းပညာရှင်များက သူကာရ်နိုင်မင်းကို အလက်ဇန်းဒရီးယားဖြစ်သည်ဟု မှားယွင်းစွာ မှတ်ချက်ချမှုများကိုလည်း တွေ့ရပေသည်။

| | |
|---|---|
| ၉၆။<br><br>မိုလ်<br>(ပုံစံ) | **آتُونِي زُبَرَ الْحَدِيدِ حَتَّى إِذَا سَاوَى بَيْنَ الصَّدَفَيْنِ قَالَ انفُخُوا حَتَّى إِذَا جَعَلَهُ نَارًا قَالَ آتُونِي أُفْرِغْ عَلَيْهِ قِطْرًا**۞<br>ကျွန်ုပ်ထံသို့ သံ **ပုံ**များကို ပေးကြလော့၊''ဟု ဖြစ်၏။ သူသည် တောင်ပြိုင်နှစ်ခုကြား ပုံစံချသော် ''၎င်းကို စီစဉ်သော အခါ မီးသားဖြစ်သည်ထိ ပန်းဘဲထိုးလော့''ဟု ဆို၍၊ ''ထိုအပေါ်၌ ဖြည့်ရန် ကြေးရည်ပူ ကျွန်ုပ်ကို ပေးလော့၊''ဟု ပြော၏။[၆၆၂] |
| ၉၇။<br>ခွစီး | **فَمَا اسْطَاعُوا أَن يَظْهَرُوهُ وَمَا اسْتَطَاعُوا لَهُ نَقْبًا**۞<br>သို့ဖြင့် သူတို့သည် ၎င်းကို **ကျော်တက်ရန်** တတ်နိုင်ခြင်း မရှိ၊ ၎င်းအား ထိုးဖေါက်ရန်လည်း တတ်နိုင်ခြင်း မရှိ။ |
| ၉၈။<br><br>တံတိုင်း<br>ကို | **قَالَ هَذَا رَحْمَةٌ مِّن رَّبِّي فَإِذَا جَاء وَعْدُ رَبِّي جَعَلَهُ دَكَّاء وَكَانَ وَعْدُ رَبِّي حَقًّا**۞<br>သူက ''ဤသည် ကြမ္မာရှင်၏ ထံမှ ကရုဏာ ဖြစ်၏။ ကံကြမ္မာရှင်၏ ထံမှ ကတိတော် ရောက်လာသောအခါ **၎င်းကို** ကြေမွပျက်စီးစေရန် စီစဉ်ပစ်လိမ့်မည်၊ ကံကြမ္မာရှင်၏ ကတိတော်သည် သစ္စာတရား ဖြစ်၏၊''ဟု ဆို၏။[၆၆၃] |
| ၉၉။ | **وَتَرَكْنَا بَعْضَهُمْ يَوْمَئِذٍ يَمُوجُ فِي بَعْضٍ وَنُفِخَ فِي الصُّورِ فَجَمَعْنَاهُمْ جَمْعًا**۞<br>ထိုနေ့ကာလ၌ ငါသည် သူတို့အား ချန်၍ အချို့အပေါ် အချို့ကို လှိုင်းရိုက်စေလျှက်၊ ပုံစံ သက်ဝင်စေလျှက် သူတို့ အားလုံးကို စုပေါင်းစေတော်မူမည်။[၆၆၄] |
| ၁၀၀။ | **وَعَرَضْنَا جَهَنَّمَ يَوْمَئِذٍ لِّلْكَافِرِينَ عَرْضًا**۞<br>ထိုနေ့၌ ငရဲဘုံကို ဘောင်အတိုင်း ဖုံးကွယ်သူများအတွက် ဘောင်တွင်းမှ ဖြစ်စေ၏။ |
| ၁၀၁။ | **الَّذِينَ كَانَتْ أَعْيُنُهُمْ فِي غِطَاء عَن ذِكْرِي وَكَانُوا لَا يَسْتَطِيعُونَ سَمْعًا**۞<br>သူတို့၏ ရှိနေသော မျက်လုံးများသည် ငါ၏ သတိပေါ်ပေးခြင်းမှ ကာထား၏၊ သူတို့သည် ကြားနာရန် မတတ်နိုင်ချေ။ |
| ၁၀၂။ | **أَفَحَسِبَ الَّذِينَ كَفَرُوا أَن يَتَّخِذُوا عِبَادِي مِن دُونِي أَوْلِيَاء إِنَّا أَعْتَدْنَا جَهَنَّمَ لِلْكَافِرِينَ نُزُلًا**۞<br>ဖုံးကွယ်သော သူများက ''ငါ မှလွဲ၍ ငါ၏ အမှုတော်ဆောင်များကို မဟာမိတ်အဖြစ် ယူမှတ်နိုင်သည်၊''ဟု စဉ်းစားကြသလော။ ငါသည် ဖုံးကွယ်သူမျာအတွက် ငရဲဘုံ အဆင့်ဆင့်ကို ပြင်ဆင်ထားတော်မူ၏။ |
| ၁၀၃။ | **قُلْ هَلْ نُنَبِّئُكُمْ بِالْأَخْسَرِينَ أَعْمَالًا**۞<br>''မည်သူသည် အကျင့်အကြံ၌ ဆုံးရှုံးမှု ကြီးရသည်ကို ကျွန်ုပ် သတင်းထုတ်ပြန်ရမည်လော၊''ဟု မေး၍။ |
| ၁၀၄။ | **الَّذِينَ ضَلَّ سَعْيُهُمْ فِي الْحَيَاةِ الدُّنْيَا وَهُمْ يَحْسَبُونَ أَنَّهُمْ يُحْسِنُونَ صُنْعًا**۞ |

---

(၆၆၂) ကြေးရည်ပူများ၊ သံတုံးများမှာ တံတိုင်း တစ်ခုလုံးအတွက် မဟုတ်ပေ၊ တံတိုင်းပြီး၍ တံခါးဆောက်လုပ်ရန် အတွက်သာ ဖြစ်ပေသည်။ ထို့ကြောင့် **တောင်တန်းနှစ်ခုကြား ပုံဖေါ်ပြီးသော အခါ** ဟု သုံးထားခြင်း ဖြစ်ပေသည်။ ဤသုတ်တော်မှ **زُبَرَ الْحَدِيدِ ဇုဘုရလ် ဟဒီးဒ်** ဆိုသည်မှာ သံများ ကို စုဆောင်းထားသည်၊ သို့မဟုတ် သံများနှင့် ပတ်သက်သည့် နည်းပညာ စာအုပ်ဟု ဖြစ်ပေသည်။ **ဇဘူရ်** ကို ၁၇း၅၅ တွင်ကြည့်ပါ။

(၆၆၃) တံတိုင်းခတ်ခြင်း ရည်ရွယ်ချက်မှာ ဂေါဂ၊ မာဂေါဂတို့အား သူတို့၏ နယ်နိမိတ်အတွင်း၌ ချုပ်မိနေစေရန်သာ ဖြစ်၍၊ ထိုနောက်ပိုင်း သူတို့၏ ရာသက်ပန် မျိုးဆက်များအတွက် မဟုတ်ချေ။ ထိုအကြောင်းကို ကျမ်းတော်၏ ၂၁း၉၆ တွင် အတိအကျပြောထားပေသည်။ ထို့ကြောင့် ထိုတံတိုင်းကြီးမှာ လက်ရှိခေတ်အထိ တည်ရှိနေခြင်း မရှိတော့ခြင်း ဖြစ်ပေသည်။ ထိုဂေါဂ၊ မာဂေါဂ၏ မျိုးဆက်များမှာ ကျူတိုးနစ်အနွယ်မှ ဆလာ့ဗ် လူမျိုးများ ဖြစ်လာ၍၊ ထို့နောက် ဥရောပသို့ လွှမ်းမိုးသော မျိုးနွယ်များ ဖြစ်လာခဲ့ပေသည်။

(၆၆၄) စစ်ပွဲများဖြစ်လာ၍ ဤသည် တံတိုင်းကြီးပြိုမည့် လက္ခဏာကို ပြောဆိုခြင်း ဖြစ်ပေသည်။ အချို့က အချို့အပေါ်သို့ လှိုင်းရိုက်စေမည် ဆိုသည်မှာ **ဝင်ရောက်သိမ်းပိုက်မည်၊ ဩဇာလွှမ်းမိုးမည်၊** ဟု ဆိုခြင်းဖြစ်၍၊ ပုံစံများကို သက်ဝင်စေလျှက် (တံပိုးခရာမှုတ်စေမည်) ဆိုသည်မှာ ''လူမျိုးဆက်သစ်များ မွေးဖွားလာခြင်းကို ဆိုလိုသည်။ ထိုစကားလုံးကို **သင်တို့အား ဝမ်းကြာတိုက်တွင်း၌ သဏ္ဍာန်တည်စေ၏၊** ဟု ၆း၇၃ တွင် ဖေါ်ပြထားပေသည်။ မျိုးဆက်သစ်များ မွေးဖွားပေါ်ပေါက်လာခြင်းသည် မျိုးဆက်ဟောင်းများအတွက် ကမ္ဘာပျက်ရခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ဤလောကီဘဝ၌ လွဲမှားမှုကို လုံးပန်းနေလျှက်၊ ၎င်းကို သုမင်္ဂလာ တည်ဆောက်မှုဟု သူတို့ကိုယ်သူတို့ စိတ်ကူးယဉ်သော သူများ။ |
| ၁၀၅။ | أُولَئِكَ الَّذِينَ كَفَرُوا بِآيَاتِ رَبِّهِمْ وَلِقَائِهِ فَحَبِطَتْ أَعْمَالُهُمْ فَلَا نُقِيمُ لَهُمْ يَوْمَ الْقِيَامَةِ وَزْنًا ۞<br>သူတို့၏ ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာများနှင့်၊ အရှင့်အား ဖူးတွေ့ရမည်ကို ဖုံးကွယ်သော သူများ၊ ထိုသူများ၏ ကျင့်ကြံမှုများသည် အချီးနှီးပင်၊ ရပ်တည်ရမည့် နေ့၌ သူတို့အတွက် ချိန်ခွင်လျှာသည် တည်ငြိမ်နေမည် မဟုတ်ချေ။ |
| ၁၀၆။ | ذَلِكَ جَزَاؤُهُمْ جَهَنَّمُ بِمَا كَفَرُوا وَاتَّخَذُوا آيَاتِي وَرُسُلِي هُزُوًا ۞<br>ဤသည် သူတို့အတွက် အစားပေးခြင်း ဖြစ်၏။ ငရဲဘုံမှာ– ငါ၏ သုတ်ဒေသနာများနှင့် ဥဒ္ဒဏ်စဉ်ဆောင်များကို လှောင်ပြောင်စရာ အဖြစ် ဖုံးကွယ် ယူမှတ်သောကြောင့် ဖြစ်၏။ |
| ၁၀၇။ | إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ كَانَتْ لَهُمْ جَنَّاتُ الْفِرْدَوْسِ نُزُلًا ۞<br>ယုံကြည်လျှက် ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူများ– သူတို့အတွက် နိဗ္ဗာန် ဥယျာဉ်များ အဆင့်ဆင့်သည် ရှိစေ၏။ |
| ၁၀၈။ | خَالِدِينَ فِيهَا لَا يَبْغُونَ عَنْهَا حِوَلًا ۞<br>ထို၌ ဝင်ရောက်စံစားရလတ္တံ့၊ ထို၌ ပရဝုဏ်အကန့်အသတ်ဟူ၍ ရှာမတွေ့နိုင်ချေ။ |
| ၁၀၉။ | قُل لَّوْ كَانَ الْبَحْرُ مِدَادًا لِّكَلِمَاتِ رَبِّي لَنَفِدَ الْبَحْرُ قَبْلَ أَن تَنفَدَ كَلِمَاتُ رَبِّي وَلَوْ جِئْنَا بِمِثْلِهِ مَدَدًا ۞<br>ဟောလော့ "သမုဒ္ဒရာသည် ကံကြမ္မာရှင်၏ ဓမ္မတော်အတွက် တိုးရွှေ့နေသော်လည်း၊ ကံကြမ္မာရှင်၏ ဓမ္မတော် မခမ်းခြောက်မီ သမုဒ္ဒရာသည် သို့မဟုတ် ပမာတူ ထပ်တိုး ရောက်လာနေခြင်းသည် ခမ်းခြောက်ရလတ္တံ့။[၆၆၅] |
| ၁၁၀။ | قُلْ إِنَّمَا أَنَا بَشَرٌ مِّثْلُكُمْ يُوحَى إِلَيَّ أَنَّمَا إِلَهُكُمْ إِلَهٌ وَاحِدٌ فَمَن كَانَ يَرْجُو لِقَاء رَبِّهِ فَلْيَعْمَلْ عَمَلًا صَالِحًا وَلَا يُشْرِكْ بِعِبَادَةِ رَبِّهِ أَحَدًا ۞<br>ဟောလော့ "ကျွန်ုပ်သည် သင်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်၏။ ကျွန်ုပ်ထံ အာရုံစျာန်ဖြစ်စေသည်မှာ သင်တို့၏ ဘုရားရှင်သည် တစ်ဆူတည်းသော ဘုရားရှင်ဖြစ်၏။ ကံကြမ္မာရှင်အား ဖူးတွေ့ရမည်ကို မျှော်ကိုးလျှင် ပြုပြင်ပြောင်းလဲသော အကျင့်ကို ကျင့်ကြံ၍၊ ကံကြမ္မာရှင်အား အမှုတော်ထမ်းခြင်းသည် တစ်စုံတစ်ရာနှင့် ရောပြွန်းကိုးကွယ်ခြင်းမှ ကင်းရပေမည်။" |

---

**(၆၆၅)** ဤသုတ်တော်က ဓမ္မတော်မှ **မိဒါဒန် مِدَادًا** ကို ဆရာတော်ကြီးများက **မှင်** ဟု ပြန်ဆိုကြပေသည်။ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်များကို ရေးမှတ်ရန်အတွက် ပင်လယ်သမုဒ္ဒရာသည် မှင်ဖြစ်သော်လည်း ပင်လယ်သမုဒ္ဒရာ သာလျှင် ခန်းခြောက်ဘွယ်ရှိ၏။ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်များ၊ ဓမ္မတော်များသည်ကား ကုန်ခန်းဘွယ် မရှိဟူလို။
သို့သော် ဆရာတော်ကြီးများ ပြန်ဆိုသော **မှင်** ဟူသည့် ဝေါဟာမှာ ရင်းမြစ်စကားလုံး **မဒ်ဒ** မှ ဆင့်ပွားဖြစ်၍ ထိုစကားလုံးကို ကျမ်းတော်တွင် ၃၂ ကြိမ်ဖေါ်ပြထားပေသည်။ ကျမ်းတော်တွင် ကမ္ဘာမြေ၏ ရွှေ့လျှောပြန့်ကားနေခြင်းကိုလည်း ဤစကားလုံး ရင်းမြစ်အတိုင်း သုံးထားသည်ကို တွေ့ရပေသည် (၁၃း၃)။ ပင်လယ်သမုဒ္ဒရာများသည် ကမ္ဘာမြေသားနှင့် ဟန်ချက်ညီစွာ တိုးရွှေ့ကျယ်ပြန့်နေခြင်းကို ဖေါ်ပြထားပြီး၊ ပင်လယ် သမုဒ္ဒရာများ မြေကမ္ဘာများ သက်တမ်း ကုန်ဆုံးသွားသည့်တိုင် သို့မဟုတ် ပင်လယ်သမုဒ္ဒရာများ အတွင်းမှ လေ့လာစရာများ ကုန်ဆုံးသွားသည့်တိုင် ပရမတ်ဘုရားရှင် ချမှတ်သော ဤကုရ်အာန်ကျမ်းတော်ကို လူသားများ ဖွင့်ဆို၍ ကုန်ခမ်းနိုင်မည် မဟုတ်၊ အစဉ် ခေတ်ရှေ့မှ ဦးဆောင်နေမည်ကို ရိုးရှင်းစွာ တင်ပြခြင်း ဖြစ်ပေသည်။